# အဖ အာဗြဟံ

သင်ခန်းစာ နှစ်

အာဗြဟံ၏ ဘဝ ဇာတ်ကြောင်း - မူလအစီပွါယ်

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဉသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ... 1**

**ဆက်သွယ်မှုများ ... 3**

**အဓိပ္ပာယ်ဖွင့်ဆိုချက် ... 4**

**ပုံစံများ ... 5**

နောက်ခံသမိုင်းများ ... 6

နမူနာပုံစံများ ... 7

ကြိုတင်အရိပ်ပြချက်များ ... 9

**ပေါင်းရုံး ဖော်ပြချက် ... 11**

**သွယ်ဝိုက် ဆက်စပ်မှုများ ... 13**

**အခြေခံကျသော အကျိုးသက်ရောက်မှု ... 13**

**အဓိက အာဘော်များ ... 14**

ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော် ... 15

အာဗြဟံ၏ သစ္စာရှိမှု ... 16

အာဗြဟံသို့ ပေးတော်မူသော ကောင်းချီးမင်္ဂလာများ ... 16

အာဗြဟံအားဖြင့် စီးဆင်းသော ကောင်းချီးမင်္ဂလာများ ... 17

**အဆင့် ငါးဆင့် ... 19**

နောက်ခံသမိုင်းနှင့် အစောပိုင်းကာလ ဘဝအတွေ့အကြုံများ ... 19

အခြားလူတို့နှင့် အစောပိုင်းကာလ ထိတွေ့ဆက်ဆံမှုများ ... 20

ဘုရားသခင်နှင့် ပဋိညာဉ်ဖွဲ့ခြင်း ... 22

အခြားသူတို့နှင့် နှောင်းပိုင်းကာလ ထိတွေ့ဆက်ဆံမှုများ ... 23

သားအကြောင်း နှင့် အနိစ္စရောက်ခြင်း ... 25

**နိဂုံး ... 28**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

# နိဒါန်း

ခရစ်တော်နောက် ရိုးရိုးသားသား လိုက်သူတိုင်း ကျမ်းစာကို ချစ်မြတ်နိုးကြသည်။ ၎င်းသည် ကွဲပြားပြီး အလွန်ပင် ပုဂ္ဂိုလ်ရေးဆန်သည့် ပုံစံများစွာဖြင့် ကျွန်ုပ်တို့၏ အသက်တာများသို့ စကားပြောကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရသည်။ ဤအချက်သည် ခရစ်ယာန်များ မည်သည့်အခါမျှ မမေ့အပ်သည့် သမ္မာကျမ်းဆိုင်ရာ အဖိုးတန် အမှန်တရားပင် ဖြစ်သည်။ သို့သော် မကြာခဏဆိုသလို ဤအံ့သြဖွယ်ကောင်းလောက်အောင် ပုဂ္ဂိုလ်ရေးဆန်သော သဘောရှိသည့် ကျမ်းစာကြောင့်ပင် ကျွန်ုပ်တို့ အမြဲ အမှတ်ရနေသင့်သော အရာတစ်ခုကို ကျွန်ုပ်တို့ အမှန်ပင် မျက်ခြည်ပြတ်သွားနိုင်သည်။ ကျမ်းစာအား သင်နှင့် ကျွန်ုပ်ထံသို့ တိုက်ရိုက်လိပ်မူ ရေးထားခဲ့သည် မဟုတ်ပါ။ ဦးစွာဆိုရလျှင် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက အသက်ရှင်ခဲ့သည့် အခြားလူများဆီသို့ ဦးတည်လိပ်မူ၍ ကျမ်းစာကို ရေးသားခဲ့သည်။ သို့ဖြစ်၍ ယနေ့ကာလ ကျွန်ုပ်တို့နှင့် ကျမ်းစာ မည်သို့ စပ်ဆိုင်သည်ကို သိနားလည်ဖို့ ကျွန်ုပ်တို့ ကြိုးစားသည့်အခါ ကျွန်ုပ်တို့ခေတ် လက်တွေ့ဘဝအတွက် အသုံးပြုချက်များကို ကျမ်းစာ၏ မူလ အဓိပ္ပာယ်ဖွင့်ဆိုချက် အပေါ်တွင်သာ အခြေပြုဖို့ ကျွန်ုပ်တို့ အမြဲ သတိပြုကြရပါမည်။

ဤအရာသည် အဖ အာဗြဟံ ဟု ကျွန်ုပ်တို့ ခေါင်းစဉ်ပေးထားသည့် သင်ခန်းစာ စာစဉ်တစ်ခု ဖြစ်ပါသည်။ ကမ္ဘာ ၁၁း၂၀-၂၅း၁၈ အတွင်း တွေ့ရသည့် အာဗြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက်တို့ကို အဆိုပါ သင်ခန်းစာများထဲတွင် ကျွန်ုပ်တို့ ရှာဖွေကြမည် ဖြစ်ပါသည်။

ဤ အရာသည် မိတ်ဆက် သင်ခန်းစာ သုံးခုအထဲက ဒုတိယမြောက် သင်ခန်းစာ ဖြစ်ပြီး "အာဗြဟံ၏ ဘဝဇာတ်ကြောင်း - မူလ အဓိပ္ပာယ်" ဟူ၍ ခေါင်းစဉ် တပ်ထားပါသည်။ ဤသင်ခန်းစာ ထဲတွင် အာဗြဟံ၏ ဇာတ်ကြောင်းများအား မည်သည့်အချိန်က ရေးခဲ့သည်၊ မည်သူတို့ကို ရေးခဲ့သည် စသည်တို့ကို အာရုံထား ဖတ်ရှုရန် မည်မျှ အရေးကြီးကြောင်း ကျွန်ုပ်တို့ လေ့လာကြပါမည်။ ကတိတော်နယ်မြေဆီသို့ မောရှေနောက်မှ ဣသရေလလူများ လိုက်ပါလာခဲ့စဉ်က သူတို့စိတ်ထဲ စွဲကျန်ရစ်စေရန် အဆိုပါ ဇာတ်ကြောင်းများက ရည်ရွယ်ခဲ့သည့် မူလ အကျိုးသက်ရောက်မှု အကြောင်းကိုလည်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။

အဓိက ပြဿနာ နှစ်ခုကို လေ့လာခြင်းဖြင့် ကမ္ဘာ ၁၁း၁၀-၂၅း၁၈ ၏ မူလ အဓိပ္ပာယ်ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမဦးစွာ မောရှေသည် သူ၏ မူလ ပရိသတ် ဘဝ အတွေ့အကြုံများနှင့် အာဗြဟံ၏ ဘဝ သမိုင်းဇာတ်ကြောင်းတို့အကြား ဆက်သွယ်မှုများအကြောင်း မည်သို့ ထုတ်ယူဆင်ခြင်ခဲ့သည် ဆိုသည်ကို ကျွန်ုပ်တို့ ထောက်ပြကြပါမည်။ ဒုတိယအားဖြင့် မူလ ပရိသတ်အတွက် အဆိုပါ ဆက်သွယ်မှုများက ပေးသည့် သွယ်ဝိုက် ဆက်စပ်မှု အချို့ကို ကျွန်ုပ်တို့ စုစည်းပေါင်းရုံးကြပါမည်။

အာဗြဟံ ဘဝဇာတ်ကြောင်း ၏ မူလ အဓိပ္ပာယ်ကို ကျွန်ုပ်တို့ မလေ့လာမီ ပြီးခဲ့သည့် သင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ခဲ့သည့်အရာကို ပြန်သုံးသပ်ဖို့ ခေတ္တ အချိန်ယူဖို့လိုပါသည်။ ဤနေရာအထိ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အရေးကြီးသော ပြဿနာ နှစ်ခုအပေါ် ကျွန်ုပ်တို့ စူးစိုက်ခဲ့ကြပြီး ဖြစ်ပါသည်။ ဦးစွာ ကမ္ဘာ ၁၂း၁-၃ သည် အာဗြဟံ ဇာတ်ကြောင်းထဲက အဓိက အာဘော် လေးခုကို ဖွင့်ပြခဲ့ကြောင်း ကျွန်ုပ်တို့ အကြံပြုခဲ့ပါသည်။ အာဗြဟံသို့ ဘုရားသခင် ပြတော်မူသော သနားကြင်နာမှု (ကရုဏာတော်ကို လူမျိုးစု ခေါင်းဆောင်သို့ ဘုရားသခင် ပြသခဲ့သောနည်းလမ်းပေါင်း များစွာ)၊ ဘုရားသခင် အပေါ် သစ္စာစောင့်သိရိုသေရန် အာဗြဟံ တာဝန်ရှိမှု (ကိုယ်တော်အား နာခံရန် အာဗြဟံထံမှ ဘုရားသခင်မျှော်လင့်ခဲ့ပုံ များစွာ)၊ အာဗြဟံသို့ ဘုရားသခင် ပေးကမ်းတော်မူသော ကောင်းချီးမင်္ဂလာများ (လူမျိုးကြီး ဖြစ်စေမည့် ကတိတော်၊ များစွာသော သားမြေး၊ နယ်မြေပိုင်နက်နှင့် ကြီးမြတ်သောအမည်ဂုဏ်သတင်း) နှင့် အာဗြဟံအားဖြင့် အခြားသူများသို့ စီးဆင်းသော ဘုရားသခင့် ကောင်းချီးမင်္ဂလာများ (အာဗြဟံသည် မြေကြီးပေါ်မှ လူမျိုးအပေါင်းတို့အတွက် ကောင်းချီးမင်္ဂလာ ဖြစ်လာမည် ဆိုသည့် ကတိတော်) တို့ ဖြစ်ကြသည်။

ထို့ထက်မက ကမ္ဘာဦးကျမ်းလာ အာဗြဟံ ဇာတ်ကြောင်းတင်ပြပုံ တင်ပြနည်းအား အဆိုပါ အာဘော်များက ပုံဖော်ခဲ့ကြကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြရသည်။ အချိုးညီသော အဆင့်ငါးဆင့် အဖြစ် အာဗြဟံ၏ ဇာတ်ကြောင်းအား ခွဲဝေပိုင်းထားကြောင်းကိုလည်း ကျွန်ုပ်တို့ သင်ယူခဲ့ကြရသည်။ ပထမအားဖြင့် အာဗြဟံ၏ နောက်ခံသမိုင်းနှင့် ကမ္ဘာ ၁၁း၁၀-၁၂း၉ ပါ အစောပိုင်းကာလ ဘဝ အတွေ့အကြုံများဖြင့် အစပြုကြပါမည်။ ဒုတိယအားဖြင့် ၁၂း၁၀-၁၄း၂၄ ပါ အခန်းငယ် အတော်များများသည် အစောပိုင်းကာလများအတွင်း အခြားလူမျိုးများကို ကိုယ်စားပြုသူတို့နှင့် အာဗြဟံတို့ အပြန်အလှန် ဆက်ဆံကြသည့် အပေါ် စူးစိုက်ထားကြသည်။ အာဗြဟံ ဘဝ ဇာတ်ကြောင်း၏ တတိယနှင့် ဗဟိုအချက်အချာကျသည့် အပိုင်းသည် ၁၅း၁-၁၇း၂၇ ပါ အာဗြဟံနှင့် ပဋိညာဉ် ဖွဲ့တော်မူခြင်း အပေါ် စူးစိုက်ထားသည်။ ၁၈း၁-၂၁း၃၄ ပါ အာဗြဟံ ဘဝ ဇာတ်ကြောင်း၏ စတုတ္ထ အပိုင်းသည် နှောင်းပိုင်းကာလများအတွင်း အခြားလူမျိုးများကို ကိုယ်စားပြုသူတို့နှင့် အာဗြဟံတို့ အပြန်အလှန် ဆက်ဆံမှုများဆီသို့ လှည့်သွားသည်။ နောက်ဆုံးအားဖြင့် ၂၂း၁-၂၅း၁၈ ပါ ပဉ္စမ အပိုင်းသည် အာဗြဟံကို ဆက်ခံသော သားမြေး အကြောင်းနှင့် အာဗြဟံ အနိစ္စရောက်ခြင်းတို့ကို ရှင်းပြထားသည်။

အဆိုပါ အဆင့်ငါးဆင့်တို့သည် လူမျိုးစု ခေါင်းဆောင်၏ ဘဝဇာတ်ကြောင်းကို ပုံစံကျနစွာ အချိုးညီညီ တင်ဆက်ထားသည်။ ၁၅း၁-၁၇း၂၇ ထိဖြစ်သော တတိယ အပိုင်းသည် အာဗြဟံနှင့် ပဋိညာဉ်ပြုသည့်အကြောင်းကို ကိုင်တွယ်ထားပြီး အာဗြဟံ ဘဝဇာတ်ကြောင်း၏ အရေးအကြီးဆုံး အချက်အဖြစ် အသုံးခံသည်။ ဒုတိယနှင့် စတုတ္ထ နှစ်ပိုင်းလုံးသည် အာဗြဟံနှင့် အခြားလူမျိုးများ အပြန်အလှန် ဆက်ဆံမှုအပေါ် စူးစိုက်သော အပိုင်းများ ဖြစ်ကြသောကြောင့် အချင်းချင်း တူညီမှု ရှိကြသည်။ ပထမနှင့် နောက်ဆုံးကဏ္ဍများသည်လည်း သူ၏ မိသားစုမျိုးရိုး ဆင်းသက်လာပုံကို အတိတ်မှသည် အနာဂတ်တိုင်အောင် ဇစ်မြစ်လိုက်ပြီး ထိပ်ပိတ်၊ နောက်ပိတ်များ ပိတ်ပေးခြင်းဖြင့် အချင်းချင်း တူညီမှု ရှိနေကြသည်။

အင်္ဂါရပ်များစွာတို့၌ ဤသင်ခန်းစာသည် အာဗြဟံ ဘဝ ဇာတ်ကြောင်း ဖွဲ့စည်းမှု၊ ပါဝင် အကြောင်းအရာတို့နှင့် စပ်လျဉ်းသည့် အဆိုပါ ထိုးထွင်းအမြင်များအပေါ်တွင် တည်ဆောက်သွားမည် ဖြစ်သည်။ ဤသုံးသပ်ချက်ကို မှတ်ကျုံးလျက် ဤသင်ခန်းစာ၏ အဓိက အလေးဂရုပြုချက်များ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်ကြသော ကမ္ဘာဦးကျမ်းထဲက အာဖြဟံ ဘဝ ဇာတ်ကြောင်း၏ မူလ အဓိပ္ပာယ်ကို ရှာဖွေရန် ကျွန်ုပ်တို့ အသင့်ရှိနေကြပြီဖြစ်သည်။ ပထမဦးစွာ အာဖြဟံအကြောင်း ဇာတ်လမ်းများနှင့် အဆိုပါ ဇာတ်လမ်းများကို မူလ လက်ခံရရှိခဲ့သည့် ဣသရေလတို့၏ ဘဝ အတွေ့အကြုံများအကြား တူညီမှုများကို လေ့လာဖော်ထုတ်ခြင်းဖြင့် အစပြုကြပါစို့။

# ဆက်သွယ်မှုများ

အဆိုပါ အာဖြဟံ ဘဝဇာတ်လမ်းများကို မောရှေခေတ်ကာလအတွင်း မူလ ရေးသားခဲ့ပြီး ထိုစဉ်က ရေးသားထားခဲ့သည့်အတိုင်း အနှစ်သာရအားဖြင့် ယနေ့ကာလတိုင် တူညီစွာ ရှိနေသည် ဆိုသည့် ယူဆချက်အပေါ် အာဖြဟံ၏ ဘဝဇာတ်ကြောင်း အနက်ဖွင့်ဆိုမှုကို ဤသင်ခန်းစာ စာစဉ်များအတွင်း ကျွန်ုပ်တို့ တည်ဆောက်ကြမည် ဖြစ်သည်။ ဋီကာ ဆရာ အများစုက အဆိုပါ ဇာတ်လမ်းတို့အား မောရှေလက်ထက်ကရေးခဲ့ခြင်း မဟုတ်ဟု ယုံကြည်ကြသည်။ သို့သော် ဓမ္မဟောင်း၏ အခြားသော အပိုင်းများနှင့် သခင်ယေရှုကိုယ်တိုင်က ကမ္ဘာဦးကျမ်းကို မောရှေ ရေးခဲ့ကြောင်း အခိုင်အမာရပ်တည်ခဲ့သည်။ သို့ဖြစ်၍ ဤခေတ်သစ် ခရစ်ယာန်တို့သည်လည်း ဤစာအုပ်ကို မောရှေရေးခဲ့ကြောင်း အခိုင်အမာ အတည်ပြုသင့်ကြပေသည်။ သို့သော်လည်း ဤစာစဉ်အတွင်း နောက်ထပ်တဆင့် ဆက်သွားဖို့ကိုလည်း ကျွန်ုပ်တို့ အလေးဂရုပြုထားပါသည်။ အဆိုပါ ဇာတ်လမ်းများကို မောရှေရေးခဲ့သည် ဆိုသည့်အချက်ကို ကျွန်ုပ်တို့ ကိုင်စွဲလိုရုံမျှမဟုတ်ဘဲ အဘယ်ကြောင့် ၎င်းတို့အား သူရေးခဲ့သည် ဆိုသည်ကိုပါ ကျွန်ုပ်တို့ သိလိုပါသည်။ အာဖြဟံ၏ ဘဝဇာတ်ကြောင်းအပေါ် သူ၏ ဘဝအမြင်သည် မည်သို့ ရှိခဲ့ပါသနည်း။ မည်သည့် ရည်ရွယ်ချက်ဖြင့် ရေးခဲ့ပါသနည်း။ အာဖြဟံ ဘဝဇာတ်ကြောင်း၏ မူလ အဓိပ္ပာယ်ကို လေ့လာဖော်ထုတ်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ အာဖြဟံအကြောင်း ဇာတ်လမ်းများနှင့် အဲဂုတ္တုမှ ကတိတော်နယ်မြေဆီသို့ ထွက်မြောက်စဉ် မောရှေနောက်မှ လိုက်ပါခဲ့သော မူလ ဣသရေလ ပရိသတ်တို့၏ ဘဝအတွေ့အကြုံများကို မောရှေ ချိတ်ဆက်သည့် နည်းလမ်းများအား ရှာဖွေခြင်းပင် ဖြစ်သည်။

အာဖြဟံ ဇာတ်ကြောင်းများနှင့် မောရှေ၏ မူလ ပရိသတ်တို့အား မောရှေ မည်သို့ ချိတ်ဆက်ခဲ့သည်ကို လေ့လာဖော်ထုတ်ရန် အတွက် ကိစ္စ သုံးခုကို ကျွန်ုပ်တို့ ထိတွေ့ဖြေရှင်း ရပါမည်။ ဦးစွာ အဆိုပါ ဆက်သွယ်မှုများအကြောင်း ကျွန်ုပ်တို့ ပြောဆိုကြရာ၌ ကျွန်ုပ်တို့ ဘာကို ဆိုလိုခြင်း ဖြစ်သည်ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ပါမည်။ ဒုတိယအားဖြင့် အာဖြဟံ ဘဝဇာတ်ကြောင်းအတွင်း ပေါ်ပေါက်နေသည့် ဆက်သွယ်မှု ပုံစံအချို့ကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ထို့နောက် တတိယအားဖြင့် အာဖြဟံ ဘဝဇာတ်ကြောင်းအဖြစ်အပျက် ဖွဲ့စည်းမှု အတွင်း အဓိက အဆင့်ငါးဆင့်ကို တစ်ခုချင်း လေ့လာသောအားဖြင့် အဆိုပါ ဇာတ်လမ်းများအတွင်းတွေ့ရသော ဆက်သွယ်မှုများကို ကျွန်ုပ်တို့

စုစည်းပေါင်းရုံးကြပါမည်။ ဆက်သွယ်မှုများဟု ကျွန်ုပ်တို့ ပြောဆိုကြရာ၌ ဘာကို ဆိုလိုခြင်း ဖြစ်သည် ဆိုသည်နှင့် အစပြုကြပါစို့။

# အဓိပ္ပာယ်ဖွင့်ဆိုချက်

မောရှေက သူ၏ အာဗြဟံ ဇာတ်ကြောင်းသမိုင်းကို နည်းလမ်းများစွာဖြင့် ရေးဖွဲ့ခဲ့ရာတွင် ကျမ်းစာ ဇာတ်ကြောင်း ရေးသူများ အားလုံး မိမိတို့ကိုယ်မိမိတို့ မြင်တွေ့ခံစားလေ့ ရှိခဲ့သည့် အခြေအနေအတိုင်း သူ့ကိုယ်သူ မြင်တွေ့ခံစားခဲ့သည်။ ကမ္ဘာ နှစ်ခု အကြားတွင် သူရပ်တည်ခဲ့သည်။ တဖက်တွင် မောရှေသည် "ထိုကမ္ဘာ" ဟု ကျွန်ုပ်တို့ ခေါ်သည့် အာဗြဟံ၏ ကမ္ဘာ အကြောင်း အဖြစ်အပျက်မှတ်တမ်းတို့ကို လက်ခံရရှိခဲ့သည်။ အစဉ်အလာများအရင်း၊ ဘုရားသခင်၏ သဘာဝလွန် ဖွင့်လှစ်ဖော်ပြမှုအရင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ မှ ၆၀၀ ခန့် စောစီးသည့် အာဗြဟံ ဘဝဇာတ်ကြောင်းအတွင်း ဘာတွေ ဖြစ်ပျက်ခဲ့သည်ကို မောရှေ သိရှိခဲ့သည်။ ဤသဘောအရ မောရှေသည် ပထမအားဖြင့် အာဗြဟံ ဘဝကျင်လည်ခဲ့ရာ ရှေးကမ္ဘာနှင့် ထိတွေ့ခဲ့သည်။

သို့သော် အခြားတဖက်တွင်လည်း "သူတို့၏ ကမ္ဘာ" ဟု ကျွန်ုပ်တို့ ဟု ခေါ်ဆိုကြသည့် မောရှေနှင့်တကွ သူ့နောက်သို့ လိုက်ပါကြသည့် ဣသရေလတို့၏ ကမ္ဘာတည်းဟူသော မိမိကိုယ်တိုင် ရှင်သန်နေထိုင်သော ကမ္ဘာကိုလည်း မောရှေ ထိတွေ့ခဲ့ရသည်။ ထိုစဉ်က ဘုရားသခင့်လူတို့၏ ခေါင်းဆောင်အဖြစ်နှင့် ထိုသူတို့ ရှင်သန်ခဲ့ရာကမ္ဘာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် မောရှေသည် ရှေး ကမ္ဘာထဲက အာဗြဟံ ဘဝဇာတ်ကြောင်းဆိုင်ရာ သူ၏ တင်ပြချက်များကို ရေးသားခဲ့သည်။

အာဗြဟံ ဘဝဇာတ်ကြောင်းလာ "ထိုကမ္ဘာ" နှင့် မောရှေနှင့် ခေတ်ပြိုင် "သူတို့၏ ကမ္ဘာ" တို့အကြား မောရှေက ကြားဝင်ဆက်စပ်ပေးခဲ့ပြီးနောက် လူမျိုးစု ခေါင်းဆောင် ဘဝဇာတ်ကြောင်းနှင့် သူ့စာဖတ်ပရိသတ်တို့အကြား တူညီမှုများကို ထုတ်ယူ ဆင်ခြင်ခဲ့သောအားဖြင့် သူရေးသော ဇာတ်ကြောင်းများ၏ အကျုံးဝင် စပ်ဆိုင်မှုကို ထိုသူတို့ မြင်တွေ့နိုင်ခဲ့ကြသည်။ ဆိုလိုသည်မှာ အာဗြဟံ ဘဝဇာတ်ကြောင်းသည် ၎င်းတို့ဘဝများနှင့် ဆက်စပ်မှုများ ရှိခဲ့ကြောင်း သူ့နောက်တွင် လိုက်ခဲ့ကြသည့် ဣသရေလများ တွေ့မြင်နိုင်စေသည့် ပုံစံများဖြင့် မောရှေသည် သူ၏ ဇာတ်ကြောင်းများကို ရွေးချယ်၊ ထုဆစ်ခဲ့သည်။ အဓိကအားဖြင့် အာဗြဟံနှင့် မောရှေကာလလူတို့၏ အတွေ့အကြုံများအကြား နှိုင်းယှဉ်ချက်၊ ဆန့်ကျင် ခြားနားချက်များအား သူ့လူတို့ ထုတ်ယူဆင်ခြင်နိုင်စေမည့် အရေးအသားဖြင့် ဤအရာကို မောရှေ လုပ်ဆောင်ခဲ့သည်။ အဆိုပါ နှိုင်းယှဉ်ချက်၊ ဆန့်ကျင်ခြားနားချက်တို့သည် တခါတရံတွင် ခပ်ပါးပါးသာ ဖြစ်သော်ငြား အခြားအချိန်တို့တွင်မူ ပို၍ တိုးတက်ချဲ့ကားလာသည်။ သို့သော် အခန်းငယ်တိုင်းတွင် အာဗြဟံ ဘဝဇာတ်ကြောင်းနှင့် သူ့မူလ စာဖတ်ပရိသတ် ဘဝတို့အကြား အဆိုပါ ဆက်သွယ်မှု အမျိုးအမည်များစွာကို တနည်းနည်းဖြင့် မောရှေက ထုတ်ယူ ဆင်ခြင်ခဲ့သည်သာ ဖြစ်သည်။

ယခုတွင် ဆက်သွယ်မှုများနှင့် စပ်လျဉ်းသည့် အခြေခံ အယူအဆနှင့် မူလ အဓိပ္ပာယ်တို့အကြောင်း ကျွန်ုပ်တို့ တွေ့မြင်ပြီး ဖြစ်၍ အာဗြဟံဘဝ ဇာတ်ကြောင်းနှင့် မောရှေ၏ မူလ

ဣသရေလ ပရိသတ်တို့ အကြား မောရှေ ထူထောင်ထားခဲ့သည့် ဆက်သွယ်မှု ပုံစံများ ဟူသော ကျွန်ုပ်တို့၏ ဒုတိယမြောက် အလေးဂရုပြုချက်ဆီ လှည့်ကြပါမည်။

## ပုံစံများ

မည်သည့် ဇာတ်ကြောင်းကိုမဆို စာဖတ်သူအတွက် အကျိုးဝင်စေလိုပါက ပရိသတ် နားလည်နိုင်သော ကမ္ဘာမျိုးကို ပုံဖော်ပေးနိုင်ရမည် ဖြစ်သည်။ ဇာတ်ကြောင်းထဲက ကမ္ဘာသည် စာဖတ်သူတို့၏ ပကတိ ကမ္ဘာနှင့် လုံးလုံးကွဲပြားနေလျှင် ဖြစ်စေ၊ ဇာတ်ကြောင်းတွင် ပါသည့် ဇာတ်ကောင်တို့နှင့် အာဘော်များ သည် ပရိသတ်နှင့် ဆက်စပ်မရ ဖြစ်နေလျှင် ဖြစ်စေ ဇာတ်ကြောင်းက ပြောလိုသမျှ လိုရာရောက်မည် မဟုတ်ပါ။ တနည်းအားဖြင့် ဤသင်ခန်းစာ အမြင် ပြောရလျှင် အာဗြဟံ၏ "ထိုကမ္ဘာ" သည် မောရှေနှင့် ဣသရေလတို့ နေထိုင်သော "သူတို့ကမ္ဘာ" နှင့် လုံးလုံး ကွဲလွဲနေပါက အာဗြဟံဘဝဇာတ်ကြောင်း ဖော်ပြချက်တို့သည် ဣသရေလတို့အတွက် အဓိပ္ပာယ်ရှိလိမ့်မည် မဟုတ်သလို ပတ်သက်စပ်ဆိုင်မှုလည်း ရှိမည် မဟုတ်ပါ။ သို့ဖြစ်၍ အာဗြဟံ ၏ ကမ္ဘာနှင့် ကတိတော်နယ်မြေသို့ ဦးတည် ရွှေ့ပြောင်းနေသော ဣသရေလတို့၏ ကမ္ဘာအကြား ဆက်သွယ်မှုများကို ထုတ်ယူ ဆင်ခြင်ရန်အတွက် မောရှေ အထူး ကြိုးစား လုံ့လထုတ်ခဲ့သည်။

ဤသင်ခန်းစာအတွင်း ကျွန်ုပ်တို့ ဖြေရမည့် မေးခွန်းမှာ အဆိုပါ ဆက်သွယ်မှုများကို မောရှေက ရှင်းလင်းမြင်သာအောင် မည်သို့လုပ်ဆောင်ထားခဲ့သနည်း ဆိုသည့် မေးခွန်းဖြစ်သည်။ သူ့ပရိသတ်များ၏ ကမ္ဘာနှင့် အာဗြဟံဘဝ ဇာတ်ကြောင်း အဖြစ်အပျက်တို့ အကြား ဆက်နွယ်မှုရှိအောင် သူ မည်သို့ ပုံဖော်ခဲ့ပါသနည်း။ ဤ စာစဉ်ထဲ ကျွန်ုပ်တို့ ရှေ့ဆက်လာသည်နှင့်အမျှ မောရှေသည် သူမှတ်တမ်းများကို ဣသရေလတို့၏ အတွေ့အကြုံများနှင့် ဆက်စပ်နီးနွယ်ရာ၌ နည်းလမ်းသုံးခုဖြင့် လုပ်ဆောင်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်ပါသည်။ ပထမအားဖြင့် ဣသရေလများအား ၎င်းတို့ ကြုံတွေ့ခဲ့သည့် အရာတို့၏ ရှေးသမိုင်းနောက်ခံများ အကြောင်းကို အဆိုပါ အဖြစ်အပျက်တို့ကတဆင့် ပြောပြနိုင်ရန် ရည်ရွယ်ပြီး မောရှေသည် သူ့စာတို့ကို ရေးခဲ့သည်။ ဒုတိယအားဖြင့် လိုက်နာရန် သို့မဟုတ် ရှောင်ရှားရန် နမူနာပုံစံ (ဝါ) ပုံဥပမာများအား အဆိုပါ ဇာတ်ကြောင်းများက တဆင့် ပေးရန် ရည်ရွယ် ရေးသားခဲ့သည်။ တတိယနှင့် နောက်ဆုံးအားဖြင့် လူမျိုးစု အကြီးအကဲ၏ ဘဝ အတွေ့အကြုံထဲက အများအပြားသည် ဣသရေလတို့ တွေ့ကြုံရမည့် ဘဝ အတွေ့အကြုံများအကြောင်းကို ကြိုတင် နိမိတ်ဖတ်၊ အရိပ်ပြထားခဲ့ခြင်း ဖြစ်ကြောင်း ပြသရန်အတွက် သူရေးခဲ့သည်။ လာမည့် သင်ခန်းစာများအတွင်း အဆိုပါ ဆက်နွယ်နီးနွှောချက် အမျိုးမျိုးတို့ကို မကြာခဏ ကျွန်ုပ်တို့ ရည်ညွှန်းဖော်ပြသွားကြမည်ဖြစ်သောကြောင့် အာဗြဟံ ဘဝဇာတ်ကြောင်းနှင့် မောရှေ၏ မူလ ပရိသတ်တို့အကြား ပတ်သက်စပ်ဆိုင်မှုကို ပြသရန် မောရှေ အသုံးပြုခဲ့သည့် အဆိုပါ နည်းလမ်းသုံးသွယ်စလုံးဖြင့် ကျွန်ုပ်တို့ မိတ်ဆက်ပေးပါမည်။ ပထမဦးစွာ အာဗြဟံ၏ အသက်တာက မောရှေကာလ ဣသရေလတို့၏ အတွေ့အကြုံအတွက် မည်သို့ မည်ပုံ နောက်ခံသမိုင်း ပြင်ဆင်ပေးခဲ့သည်ကို ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## နောက်ခံသမိုင်းများ

ရှုထောင့် အမျိုးမျိုးမှ ကြည့်လျှင် ဆက်နွယ်နီးနှောမှု အားလုံးထဲ၌ ဤအရာသည် ဖော်ထုတ်ရန် အလွယ်ကူဆုံး ဖြစ်သည် ၎င်းသည် လူတန်းစား အလွှာအသီးသီးရှိ လူတို့ ကြုံတွေ့ရသော သမိုင်းနောက်ခံများကို ရှင်းပြရန် အဓိက ရည်ရွယ်ချက်ဖြင့် ဇာတ်ကြောင်းများအား တစ်ဦးမှ တစ်ဦးသို့ ပြန်ပြောရာတွင် အသုံးများသောနည်း ဖြစ်သည်။ ဤနည်းကို သားသမီးများအတွက် မိဘများ အသုံးများကြသည်။ ဆရာများသည်လည်း သူတို့၏ သင်ကြားခြင်းကို ဤနည်းနှင့်နှင် ပုံဖော်ကြသည်။ သင်းအုပ်ဆရာများနှင့် နိုင်ငံရေး ခေါင်းဆောင်များပင်လျှင် အလားတူ လုပ်တတ်ကြသည်။ သမိုင်းနောက်ခံများအား ပုံပြင်ဇာတ်ကြောင်းများက ပြင်ဆင်ပေးသည် ဆိုသည့် အပေါ် ပရိသတ် အာရုံစိုက်စေခြင်းဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပရိသတ်အား ဇာတ်ကြောင်းနှင့် မကြာခဏ ဆက်စပ်ပေးကြရသည်။

ယခု အာဗြဟံ ဘဝဇာတ်ကြောင်းနှင့် ပတ်သက်လျှင်လည်း ဤဆက်နွယ်မှုကို ကျွန်ုပ်တို့ ယခုပုံစံ ဖော်ပြနိုင်ပါသည်။ ဣသရေလတို့၏ ဘဝအတွေ့အကြုံများသည် အာဗြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက်များထဲ၌ သမိုင်း မြစ်ဖျားခံနေကြောင်း ပုံစံအမျိုးမျိုးဖြင့် မောရှေ ပြည့်နှန်သည့်အခါ နောက်ခံသမိုင်းများ အချင်းချင်း ဆက်စပ်နေပုံကို ကျွန်ုပ်တို့ တွေ့ကြရသည်။ ဣသရေလတို့၏ အမိမြေအဖြစ် ခါနန်ပြည်ကို ရှုမြင်ရခြင်း၏ သမိုင်းနောက်ခံကို မောရှေ ရှင်းပြသည့် ပုံစံသည် ဥပမာ တစ်ခု ဖြစ်သည်။ ထွက်မြောက်သည့် အချိန်ကာလအတွင်း ခါနန်ပြည်သို့ မရောက်ရောက်အောင် အဘယ်ကြောင့် သူတို့ သွားရမည် ဆိုသည့်အပေါ် ဣသရေလတို့ အကြိမ်ကြိမ် တွေဝေနေခဲ့ကြကြောင်း သင် သတိရမိပါလိမ့်မည်။ အဘယ်ကြောင့် နယ်မြေဝင်ရောက်ခြင်းကို မောရှေက ရပ်တန့် ခွင့်မပြုရပါသနည်း။

အခါများစွာ၌ အာဗြဟံ ဘဝဇာတ်ကြောင်း၏ သမိုင်းနောက်ခံ ဆိုင်ရာ တိကျသော အသေးစိတ် အချက်အလက်များကို ပေးခြင်းဖြင့် မောရှေသည် ဤ တကယ့် အမှုကြီးကို ရင်ဆိုင်ဖြေရှင်းခဲ့သည်။ ဘုရားသခင်သည် အာဗြဟံအား အမိမြေတစ်ခု အတိအကျ ပေးခဲ့ကြောင်းကို စကားတစ်ခွန်း၌ မောရှေ ဖော်ပြခဲ့သည်။ ထိုသို့သောအားဖြင့် ခါနန်၌ ဣသရေလတို့အတွက်လည်း အမိမြေ တစ်ခုရှိခဲ့ကြောင်း သူ အခိုင်အမာဆိုခဲ့ရသည့် အကြောင်းရင်းကို ၎င်းတို့ မြင်နိုင်ခဲ့ကြမည် ဖြစ်သည်။ ဥပမာအားဖြင့် ကမ္ဘာ ၁၅း၁၈တွင် ဘုရားသခင်က အာဗြဟံသို့ မိန့်တော်မူခဲ့သည့် စကားများကို ကျွန်ုပ်တို့ ဖတ်ရသည်။

> အဲဂုတ္တုမြစ်မှ စ၍ မြစ်ကြီးတည်း ဟူသော ဥဖရတ်မြစ်တိုင်အောင် ဤပြည်ကို သင်၏ အမျိုးအနွယ်အား ငါအပ်ပေးပြီ (ကမ္ဘာ ၁၅း၁၈)။

ခါနန်ကို ဣသရေလတို့ ပိုင်ဆိုင်ကြောင်း မောရှေ အခိုင်အမာ တောင်းဆိုခဲ့ရခြင်း၏ နောက်ခံသမိုင်း သို့မဟုတ် မူလဇစ်မြစ်အား ဤကျမ်းပိုဒ်က ချပေးခဲ့သည်။ ဘုရားသခင်သည် ထိုနယ်မြေအား ဣသရေလ၏ ကြီးမြတ်သော ဖခင်ထံသို့ ပေးခဲ့ပြီး ဖြစ်သည်။ သူသည်လည်း သူ၏သားမြေးတို့အား ထိုနယ်မြေကို ပေးခဲ့ပြီး ဖြစ်သည်။ ထိုကြောင့် အခြားနယ်မြေတစ်ခုခု၌ သူတို့ အခြေချဖို့ မဖြစ်နိုင်တော့ပေ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အာဗြဟံ ဘဝဇာတ်ကြောင်းအား အသေးစိတ် ထပ်မံ ရှာဖွေ ဖော်ထုတ်လာသည်နှင့် အမျှ မောရှေသည် အဆိုပါ သမိုင်းနောက်ခံ အမျိုးမျိုးတို့ကို မကြာခဏ ညွှန်ပြခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ကြရပါလိမ့်မည်။ သူ့ခေတ်အခါက ဣသရေလတို့နှင့် အာဗြဟံ ဘဝဇာတ်ကြောင်းကို မောရှေ ဆက်နွယ်နှီးနှောရာတွင် အသုံးပြုခဲ့သည့် ဒုတိယမြောက် ပဓာနကျသည့် နည်းလမ်းမှာ ထိုသူတို့အား နမူနာပုံစံများ ပေးကမ်းခြင်းအားဖြင့် ဖြစ်သည်။ အဆိုပါ ဇာတ်လမ်းများအတွင်း နမူနာပုံစံများ မည်သို့ အလုပ်ဖြစ်ခဲ့သည်ကို ကြည့်ကြပါစို့။

## နမူနာပုံစံများ

အာဗြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက်တို့ကို သမိုင်းနောက်ခံ သတင်း အချက်အလက် အဖြစ်သာ လက်ခံရယူဖို့ သူ၏ မူလ ပရိသတ်တို့အား မောရှေ အလိုမရှိခဲ့ပါ။ ထိုသူတို့၏ ကိုယ်ပိုင် အခြေအနေများနှင့် အာဗြဟံ ဘဝဇာတ်ကြောင်း အခြေအနေတို့အကြား တူညီမှု အကြိမ် အရေအတွက်သည် ထူးထူးခြားခြား ရှိခဲ့ကြောင်း သူတို့ တွေ့နိုင်ရေးအတွက် လူမျိုးစု ခေါင်းဆောင်၏ ဘဝဇာတ်ကြောင်းမှ အခြေအနေများစွာကို သူဖော်ပြခဲ့သည်။ အဆိုပါ တူညီမှုများကြောင့် မောရှေ၏ ပရိသတ်အတွက် ကျင့်ဝတ်ဆိုင်ရာ စဉ်းစားစရာများစွာ ပေါ်စေခဲ့သည်။ အဆိုပါ တူညီမှုများကပင် ဣသရေလတို့ လိုက်နာရမည့် သို့မဟုတ် ငြင်းပယ်ရမည့် ပုံသက်သေတို့ကို ဖော်ထုတ်ပေးကြောင်း မောရှေ ထောက်ပြခဲ့သည်။

နမူနာ ပုံစံများ သို့မဟုတ် ပုံဥပမာများ ပေးရန် ဇာတ်ကြောင်းများကို ပြောပြခြင်းသည် ကျွန်ုပ်တို့၏ ပရိသတ်များနှင့် ထိုဇာတ်ကြောင်းတို့ကို ချိတ်ဆက်ရာ၌ သုံးနေကျနည်းလမ်း ဖြစ်သည်။ ဤအဖြစ်ကို မကြာခဏတွေ့နိုင်သည်။ အလုပ်ထဲက တစ်ယောက်ယောက်ကို ဤဟာ မလုပ်ပါနှင့်၊ ထိုဟာ မလုပ်ပါနှင့်ဟု ကျွန်ုပ်တို့ သတိပေးသည့်အခါ ပြီးခဲ့သည့်အချိန်က အခြားတယောက်ယောက် အလားတူ အမှားမျိုးလုပ်ခဲ့၍ ဘာဖြစ်သွားခဲ့သည် ဆိုသည့် ဇာတ်ကြောင်းကို ကျွန်ုပ်တို့ အမြဲလို ထပ်ဖြည့်ပေးတတ်ကြသည်။ ကျောင်းမှာ ဘာကြောင့် စာကြိုးစားရမလဲ ဆိုသည်ကို ကလေးများအား ကျွန်ုပ်တို့ သွန်သင်နေသည် ဆိုပါက ကျောင်းမှာ စာကြိုးစားခဲ့သဖြင့် ယနေ့ အောင်မြင်မှုကြီး ရနေကြသော ပုဂ္ဂိုလ်များ အကြောင်း ဥပမာများပါသည့် ဇာတ်လမ်းများဖြင့် ကျွန်ုပ်တို့၏ သွန်သင်ချက်ကို အမြဲတစေ အားဖြည့်တတ်ကြသည်။

အာဗြဟံအကြောင်း သူ့ဇာတ်လမ်းများကို သူ့မူလ ဣသရေလ ပရိသတ်တို့နှင့် ချိတ်ဆက်ရာ၌ မောရှေသည်လည်း မကြာခဏ အလားတူ လုပ်ဆောင်ခဲ့သည်။ အာဗြဟံ၏ အကျင့်စာရိတ္တတို့အား ဣသရေလတို့ လိုက်နာရန် သို့မဟုတ် ရှောင်ရှားရန် နမူနာ ပုံစံများ အဖြစ် အသုံးတည့်စေရန် ရည်ရွယ်၍ အာဗြဟံ ဇာတ်ကြောင်းကို သူတင်ဆက်ခဲ့သည်။ ခါနန်ပြည်ကို သိမ်းပိုက်ထားကြသော ခါနနိလူများ၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်ရာ၌ ရဲရင့်ခြင်း ရှိဖို့ ဣသရေလတို့ကို မောရှေမည်သို့ ခွန်အားပေးခဲ့သည်ကို ဥပမာ အဖြစ် စဉ်းစားကြည့်ပါ။ ခွန်အားကြီးသော ခါနနိလူများက နယ်မြေကို သိမ်းပိုက်ထားသဖြင့် မောရှေနောက်လိုက် ဣသရေလတို့ ခါနန်ဝင်ရန် ငြင်းဆန်ခဲ့သည့်အကြောင်းကို တောလည်ရာနှင့် တရားဟောရာကျမ်းတို့အရ ကျွန်ုပ်တို့ သိရသည်။ ခါနနိလူတို့ကို အောင်မြင်ရန်မှာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မဖြစ်နိုင်သည့်ပုံပေါ်နေသဖြင့် သူတို့၏ စိတ်တွင် ကြောက်ရွံ့ထိတ်လန့်မှု အပြည့် ရှိနေခဲ့သည်။ တရား ၁း၂၆-၂၈ ၌ ဣသရေလ လူမျိုးနွယ်တို့အား မောရှေပြောခဲ့သည့်စကားများကို ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> သင်တို့သည် မသွားဘဲ သင်တို့ ဘုရားသခင် ထာဝရ ဘုရား၏ အမိန့်တော်ကို ဆန်လျက် "ထာဝရ ဘုရားသည် ငါတို့ကို မုန်း၍ ဖျက်ဆီးချင်သောကြောင့် အာမောရိလူတို့လက်၌ အပ်လိုသောငှာ အဲဂုတ္တုပြည်မှ နှုတ်ဆောင်တော်မူသည် တကား။ ငါတို့သည် အဘယ်သို့ သွားရမည်နည်း။ ညီအစ်ကိုတို့သည် ငါတို့စိတ်ကို ဖျက်ကြပြီ။ သူတို့က 'ထိုပြည်သားတို့သည် ငါတို့ထက် ကြီး၏။ အရပ်လည်း သာ၍ မြင့်၏။ မြို့လည်း မိုးကောင်းကင်သို့ ထိသော မြို့ရိုး ရှိ၏' ဟု ဆိုကြပြီ။ (တရား ၁း၂၆-၂၈)"

ခါနနိလူတို့အပေါ် ဤကြောက်ရွံ့မှုကို မောရှေ ကုစားသည့် နည်းလမ်းတစ်ခုမှာ သူ့ပရိသတ်သို့ အာဗြဟံ သူ့ခေတ်ကာလက ခါနနိလူတို့ကို ရင်ဆိုင်ခဲ့သည့် နမူနာပုံစံကို ပေးခြင်း ဖြစ်၏။ ဥပမာအားဖြင့် ကမ္ဘာ ၁၂း၆ လာ အာဗြဟံ ဘဝဇာတ်ကြောင်းတွင် ခါနနိလူတို့ကို ပထမဆုံး ရည်ညွှန်းပြောဆိုမှုအား ကျွန်ုပ်တို့ တွေ့ရသည်။

> အာဗြံသည် ထိုပြည်ကို လျှောက်သွား၍ ........ ။ ထိုအခါ ခါနန် အမျိုးသားတို့သည် ထိုပြည်၌ ရှိကြ၏ (ကမ္ဘာ ၁၂း၆)။

အလားတူ ကမ္ဘာ ၁၃း၇ မှာလည်း အဆိုပါ စကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရသည်။

> ထိုအခါ ခါနန်အမျိုးသား၊ ဖေရဇိ အမျိုးသားတို့သည် ထိုပြည်၌ နေကြသတည်း (ကမ္ဘာ ၁၃း၇)။

ကတိတော်နယ်မြေအတွင်း ခါနနိလူတို့ ရှိနေပုံကို ကပ်လျက် အခန်းကြီး နှစ်ခန်းထဲ၌ အဘယ်ကြောင့် မောရှေက နှစ်ကြိမ် ဖော်ပြခဲ့ပါသနည်း။ သူ့ ရည်ရွယ်ချက် တစ်ခုမှာ အာဗြဟံ၏ အခြေအနေနှင့် သူတို့၏ အခြေအနေတို့ အလွန်တူညီနေခဲ့ကြောင်း ပြသရန် ဖြစ်သည်။ အာဗြဟံတို့ ခေတ်ကာလ ကတိတော် နယ်မြေထဲမှာ ခါနနိလူတို့ ရှိခဲ့သည့်နည်းတူ မောရှေ ခေတ်ကာလမှာလည်း သူတို့ ရှိနေခဲ့ကြသည်။ သို့စဉ်လျက် အာဗြဟံသည် ဘုရားသခင့်ကတိတော်အပေါ် ယုံကြည်ခြင်း ရှိသည့်အတိုင်း ခါနနိလူတို့ သိမ်းပိုက်ထားသော နယ်မြေတွင်းသို့ ရဲရင့်စွာ ရှေ့ဆက်သွားခဲ့သည်။ ဤနည်းအားဖြင့် ခါနနိလူတို့ ဆက်ရှိနေစေကာမူ ဘုရားကတိတော်များကို ကိုးစားပြီး နယ်မြေထဲ ဝင်ရောက်ခြင်းအားဖြင့် အာဗြဟံ၏ ရဲရင့်ခြင်းကို အတုယူရန် မောရှေက ခွန်အားပေးခဲ့ခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် အာဗြဟံသည် သူတို့ယူရမည့် စံနမူနာ ဖြစ်လာခဲ့သည်။

အာဗြဟံ ဘဝဇာတ်ကြောင်းထဲ ကျွန်ုပ်တို့ ရှေ့ဆက်လာသည်နှင့် အမျှ အပြုသဘောနှင့် အနှုတ်သဘောဆောင်သည့် ဥပမာများပါသည့် ကျမ်းချက် များစွာကို ကျွန်ုပ်တို့ တွေ့ရမည် ဖြစ်ပါသည်။ သို့သော် တတိယအားဖြင့် မောရှေ ကာလ အဖြစ်အပျက်များ အပေါ် လူမျိုးစု ခေါင်းဆောင်၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘဝဇာတ်ကြောင်း အဖြစ်အပျက်တို့က မည်သို့ ကြိုတင်အရိပ်ပြ နိမိတ်ဆောင်ခဲ့သည်ကို ပြခြင်းဖြင့် သူ့ပရိသတ်တို့နှင့် အာဖြဟံ ဘဝဇာတ်ကြောင်းတို့ကို မောရှေ ချိတ်ဆက်ပေးချိန်များ ရှိခဲ့သည်။

## ကြိုတင်အရိပ်ပြချက်များ

ရှုထောင့်များစွာ၌ သမိုင်းနောက်ခံအချင်းချင်း ဆက်စပ်နီးနှောမှုသည် ဇာတ်ကြောင်းနှင့် ပရိသတ်တို့အကြား တူညီမှု အနည်းငယ် ရှိရုံဖြင့် အလုပ်ဖြစ်သည်။ နမူနာ ပုံစံ သို့မဟုတ် ဥပမာပေးသည့်ကိစ္စတွင်မူ ပုံစံ ဥပမာများ အကျုံးဝင်ရန်အတွက် ဇာတ်ကြောင်းနှင့် ပရိသတ်တို့အကြား တူညီမှု ပိုမိုလိုအပ်သည်။ သို့ရာတွင် ကြိုတင်အရိပ်ပြခြင်း ကိစ္စမှုကား တူညီချက် အမြောက်အများ ရှိမှသာလျှင် ဖြစ်ပေါ်သောကြောင့် အာဖြဟံ၏ "ထိုကမ္ဘာ" သည်လည်း ဣသရေလတို့၏ "သူတို့ကမ္ဘာ" နှင့် ထပ်တူနီးပါး ရှိပုံပေါက်ရတော့သည်။ ယခုတွင် အာဖြဟံဘဝဇာတ်ကြောင်းအတွင်း ဤမျှ ကျယ်ပြန့်သည့် ဆက်နွယ်မှုမျိုး အကြိမ်ကြိမ် မဖြစ်ပေါ်သော်လည်း မောရှေသည် မကြာခဏဆိုသလို သူ့ကာလ အဖြစ်အပျက်တို့နှင့် အနီးစပ်ဆုံးတူညီစေသည့် ပုံစံများဖြင့် အာဖြဟံ၏ နေ့ရက်များကို သရုပ်ဖော်ခဲ့သည်။

"သမိုင်းဆိုတာ တပတ်ပြန်လည်စမြဲပါ" ဆိုသည့် ဆိုရိုးကို ကျွန်ုပ်တို့ အများစု ကြားဖူးပြီး ဖြစ်ပါသည်။ မှန်ပါသည်။ မည်သည့် သမိုင်းဖြစ်စဉ် နှစ်ခုမျှ အတိအကျ တထေရာတည်း မဖြစ်ပေါ် ခဲ့ဖူးမှန်း ကျွန်ုပ်တို့ သိပါသည်။ သို့သော် ရံဖန်ရံခါ၌ အဖြစ်အပျက်တို့သည် အတော်ပင်တူညီရကား ဒုတိယ ဖြစ်စဉ်သည် ပထမ ဖြစ်စဉ်ကို ထပ်ကျော့ခြင်းဟု မြင်စရာ ရှိလာတတ်သည်။ သမ္မာကျမ်းရေးသူတို့က သူတို့ ပရိသတ်များ ဘဝ၌ ဖြစ်ပျက်သည်တို့ကို အတိတ်သမိုင်း တကြော့ပြန်သည့် အနေနှင့် ရှုမြင်သည့်အခါ အဆိုပါ ဆက်နွယ်မှုကို ထင်သာမြင်သာဖြစ်အောင် လုပ်ဆောင်လေ့ ရှိခဲ့ကြသည်။ ထို့ကြောင့် ဤစာရေးနည်းကို ကြိုတင်အရိပ်ပြရေးနည်း အဖြစ် သိရှိကြသည်။

ကြိုတင်အရိပ်ပြရေးနည်း ဥပမာတစ်ခုကို ကမ္ဘာ ၁၅း၁-၂၁ လာ အများသိပြီးသား ဘုရားသခင်နှင့် အာဖြဟံ ပဋိညာဉ်ပြုခန်း၌ တွေ့ရသည်။ ပဋိညာဉ် အထုံးအဖွဲ့အတွက် သူ့အား ပြင်ဆင်ခိုင်းခြင်းဖြင့် နောင်တနေ့ သူ၏ သားမြေးများ ခါနန်ပြည်ကို ပိုင်ဆိုင်စေမည့် အာမခံချက်ကို ဘုရားသခင်က အာဖြဟံသို့ ပေးတော်မူခဲ့သည်။ အချို့သော တိရစ္ဆာန်များကို ထက်ခြမ်းခွဲပြီး ဖွဲ့ထားသော အသားစများကိုလည်း လမ်းတဘက်တချက်တွင် ချထားခြင်းဖြင့် အာဖြဟံ ပြင်ဆင်ခဲ့သည်။ လူမျိုးစု ခေါင်းဆောင် အိပ်ပျော်သွားချိန်တွင် မူလပရိသတ်များ သူတို့ကာလမှာ တွေ့ကြုံခဲ့ရသည်နှင့် အနီးစပ်ဆုံးတူညီသည့် အရာတစ်ခုကို သူ ရူပါရုံရခဲ့သည်။ ကမ္ဘာဦး ၁၅း၁၇ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရသည်။

> တဖန် နေဝင်၍ မိုက်သောအခါ ခွဲထားသော အသားအလယ်၌
> မီးခိုးထွက်သောမီးဖို၊ မီးထွန်းလင်းသော မီးခွက်သည် ထင်ရှားစွာ လျှောက်လေ၏
> (ကမ္ဘာ ၁၅း၁၇)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပိုကြီးသော အဆက်အစပ်အတွင်း ဤကျမ်းချက်ကို ကြည့်လျှင် ဤမီးခိုးထွက်သော မီးဖိုနှင့် မီးထွန်းလင်းသော မီးခွက်တို့သည် ကတိတော်နယ်မြေကို အာဖြဟံ၏ သားမြေးများသို့ ဧကန်အမှန် ပေးရန် အာမခံသည့် အနေဖြင့် ခုတ်ပိုင်းထားသော တိရစ္ဆာန်အသားများကြား လျှောက်သွားသော ဘုရားသခင် ကိုယ်တိုင်ကို ကိုယ်စားပြုကြောင်း ကျွန်ုပ်တို့ သင်ယူရသည်။

ယခု နားလည်လောက်ပြီ ထင်ပါသည်။ ကမ္ဘာ ၁၅း၁၇ တွင် သားမြေးတို့ထံ ဘုရားသခင် ကတိတော်နယ်မြေပေးမည့်အကြောင်း အာဖြဟံအား အာမခံရန်အတွက် ဘုရားသခင်သည် အာဖြဟံရှေ့မှောက်၌ မီးလင်းသော မီးဖိုအဖြစ်ဖြင့် ဖြတ်လျှောက်ခဲ့သည်။ သို့ဖြစ်လျှင် မီးခိုးနှင့်မီး အသွင် ထင်ရှားခြင်းဖြင့် အာဖြဟံသို့ ဘုရားသခင် အာမခံချက်ပေးခြင်းသည် ကျွန်ုပ်တို့ ခေတ်သစ်ပရိသတ်အတွက် ထူးဆန်းသယောင် ရှိသည်။ သို့သော် ကတိတော်နယ်မြေသို့ ဦးတည်၍ မောရှေနောက်သို့ လိုက်ပါနေသော ဣသရေလတို့အတွက် ရည်ရွယ်ပြီး အာဖြဟံ ဘဝဇာတ်ကြောင်းကို မောရှေရေးခဲ့ကြောင်း ကျွန်ုပ်တို့ အမှတ်ရပါက ဤမျှ အသေးစိတ် သူထည့်သွင်းဖို့ လိုခဲ့မည်ဆိုသည်ကို လုံးဝ အံ့သြရန် မရှိပါ။ ဣသရေလတို့၏ ခရီးစဉ်များ တလျှောက် ဘုရားသခင်သည် မီးခိုးထွက်သော မီးဖို၊ မီးထွန်းလင်းသော မီးခွက်တို့နှင့် ဆင်တူသော ပုံစံဖြင့် ဣသရေလတို့ရှေ့တွင် ထင်ရှားပြတော်မူခဲ့သည်။ ကတိတော်နယ်မြေဆီ သူတို့ကို ဦးဆောင်ခေါ်သွင်းသည့် မိုးတိမ်ကဲ့သို့သော ဘုန်းတော်၌ ဘုရားသခင်သည် သူတို့ထံ မီးခိုးနှင့် မီး အားဖြင့်လည်း ထင်ရှားပြတော်မူခဲ့သည်။

သို့ဖြစ်၍ အာဖြဟံသို့ ဘုရားသခင် ထင်ရှားတော်မူခဲ့ပုံက မောရှေကာလ ဣသရေလများသို့ ကိုယ်တော် ထင်ရှားပြတော်မူမည့် ပုံစံကို ဤနည်းအားဖြင့် ကြိုတင် အရိပ်ပြထားခဲ့သည်။ သူ့ရှေ့၌ ဘုရားသခင် ဤပုံစံ သွားလာခဲ့သောအားဖြင့် နယ်မြေပိုင်ဆိုင်ရန် အာမခံချက်ကို အာဖြဟံ ရပြီးနောက် ဤဇာတ်ကြောင်းကို ကြားနာရသည့် ဣသရေလတို့သည်လည်း သူတို့ကာလ၌ နယ်မြေပိုင်ဆိုင်ခွင့် အာမခံချက် ရပြီးသား ဖြစ်ခဲ့သင့်ပေသည်။

ပို၍ ကျယ်ပြန့် ကြီးမားသော နောက်ထပ် ကြိုတင်အရိပ်ပြခြင်းကို ကမ္ဘာ ၁၂း၁၀-၂၀ ပါ အဲဂုတ္တုမှ အာဖြဟံ လွတ်မြောက်ခန်းတွင် တွေ့ရသည်။ အဲဂုတ္တု ဘဝအမြင်များ လွှမ်းနေခဲ့သည့် ဣသရေလတို့အား လမ်းညွှန်ရန် ဤကျမ်းချက်ကို ရေးခဲ့ခြင်း ဖြစ်သည်။ ဤကိစ္စတွင် အခန်းငယ်တစ်ခုလုံးအား သူ ဦးဆောင်နေသော ဣသရေလတို့၏ အတွေ့အကြုံများနှင့် ထပ်တူနီးပါး တူအောင် မောရှေ တည်ဆောက်ထားခဲ့သည်။ ကမ္ဘာ ၁၂း၁၀-၂၀ အရ ခါနန်ပြည်တွင် အစာခေါင်းပါးဘေး ဖြစ်ပေါ်သောကြောင့် အဲဂုတ္တုတွင် အာဖြဟံ စတင် တည်းခိုခဲ့သည်။ ဆာရာကို ဖာရောမင်းက သူ့နန်းတော်သို့ ဆောင်ယူသွားခဲ့သဖြင့် အဲဂုတ္တုတွင် အာဖြဟံ နှောင့်နှေးနေခဲ့သည်။ သို့သော် ဖာရောမင်းနှင့် အိမ်ထောင်မိသားစုအပေါ် ရောဂါများ ကျရောက်စေခဲ့ခြင်းဖြင့် အာဖြဟံကို ဘုရားသခင် ကယ်နှုတ်ခဲ့သည်။ ထို့နောက် ဖာရောဘုရင်သည်လည်း အာဖြဟံအား အဲဂုတ္တုမှ ဝေးရာသို့ နှင်ထုတ်ခဲ့သောကြောင့် စည်းစိမ် အများအပြားဖြင့် အာဖြဟံ အဲဂုတ္တုမှ ထွက်ခဲ့သည်။

အာဖြဟံ အကြောင်း ဤ ဇာတ်လမ်းအား ဣသရေလ နောင်မျိုးဆက်တို့ ဖြတ်သန်းတွေ့ကြုံရမည့် အတွေ့အကြုံများကို ကြိုတင် အရိပ်ပြရန် အလို့ငှာ ဒီဇိုင်းချထားသည်မှာ ထင်သာမြင်သာ ရှိလှသည်။ အာဖြဟံ နည်းတူပင် သူတို့သည်လည်း ခါနန်ပြည်၌ ငတ်မွတ်ခေါင်းပါးဘေး ကြုံသောကြောင့် အဲဂုတ္တု၌ တည်းခိုနေထိုင်ခဲ့ရသည်။ ဖာရောက သူတို့ကို ကျွန်ပြု ထားခဲ့သော်လည်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖာရော အိမ်ထောင်စု အပေါ် ရောဂါဘယများ ကျရောက်စေခြင်းဖြင့် သူတို့အား ဘုရားသခင် ကယ်လွှတ်ခဲ့သည်။ ဖာရောသည်လည်း ဣသရေလတို့ကို လွှတ်မိန့်ပေးခဲ့ရသည်။ ဣသရေလတို့သည်လည်း အဲဂုတ္တုလူတို့ထံမှ ဓနဉစ္စာတို့ကို လုယူပြီး အဲဂုတ္တုမှ ထွက်ခဲ့ကြသည်။ သူ့ ပရိသတ်တို့၏ အတွေ့အကြုံကို ကြိုတင်အရိပ်ထိုးပြထားနိုင်အောင် ဤအဖြစ်အပျက်အား ရည်ရွယ်ချက် ရှိရှိဖြင့် မောရှေ ပုံစံသွင်းခဲ့ခြင်း ဖြစ်သည်။ ဤသို့သော ကျယ်ကျယ်ပြန့်ပြန့် ကြိုတင်အရိပ်ထိုးပြချက်မျိုးသည် အာဗြဟံ ဇာတ်ကြောင်းများ၌ တွေ့ရခဲသော်ငြား အာဗြဟံ ဇာတ်ကြောင်း တလျှောက် ထိုသို့သော ဆက်နွယ်မှုများကို ဟိုမှာ သည်မှာ တွေ့နိုင်ပေသည်။

အာဗြဟံ ဘဝ ဇာတ်ကြောင်းကို အစမှ အဆုံး ကျွန်ုပ်တို့ ဖတ်ရှုသည့်အခါ ဆက်နွယ်မှု အမျိုးအစား သုံးမျိုးလုံးကို ကွဲပြားသော အချိန်များအတွင်း ခြားနားသော ပုံစံများဖြင့် ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သည်။ မောရှေသည် သူ့ပရိသတ်တို့အား သူတို့ ကြုံရသော ဘဝ၏ နောက်ခံသမိုင်းများကို ပေးခြင်းဖြင့်၎င်း၊ သူတို့ လိုက်နာရန်နှင့် ငြင်းပယ်ရန် နမူနာပုံစံတို့ကို ပေးခြင်းဖြင့်၎င်း၊ သူတို့၏ ဘဝအတွေ့အကြုံများစွာကို အာဗြဟံ ဘဝဇာတ်ကြောင်းက မည်သို့ ကြိုတင် အရိပ်ပြထားခဲ့သည်ကို ပြခြင်းဖြင့်၎င်း၊ အာဗြဟံ၏ "ထိုကမ္ဘာ"နှင့် သူ့မူလပရိသတ်တို့၏ "သူတို့ကမ္ဘာ" တို့အား ဆက်နွယ်ချိတ်ဆက်ပေးခဲ့သည်။

ယခု အာဗြဟံနှင့် သူ့ ဣသရေလ ပရိသတ်တို့အကြား မောရှေ ထူထောင်ခဲ့သည့် ဆက်နွယ်မှု အမျိုးအမည်တို့ကို ကျွန်ုပ်တို့ တွေ့ခဲ့ကြရပြီး ဖြစ်၍ အာဗြဟံ ဘဝဇာတ်ကြောင်း၏ အဓိကခြေလှမ်း တစ်ခုချင်းစီတိုင်းသည် မူလ ပရိသတ်အသက်တာတို့နှင့် မည်သို့ဆက်သွယ် နှီးနှောနေခဲ့သည် ဆိုသည်ကို ပေါင်းရုံးဖော်ပြခြင်းသည် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

# ပေါင်းရုံး ဖော်ပြချက်

အာဗြဟံ ဘဝဇာတ်ကြောင်းအား အချိုးညီသော အဆင့် ငါးဆင့် အဖြစ် ပိုင်းဝေထားသည်ကို သင်ပြန် အမှတ်ရပါလိမ့်မည်။ သူ့မူလ ပရိသတ်၏ အခြေအနေများနှင့် အာဗြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက်များ အကြား ချိတ်ဆက်နိုင်သည့် ပုံစံများကို အဆိုပါ အဆင့် တစ်ခုချင်းစီတိုင်း၌ မောရှေ ရှာတွေ့ခဲ့သည်။

ပထမ ဦးစွာ အာဗြဟံ၏ နောက်ခံသမိုင်းနှင့် အစောပိုင်းကာလ အတွေ့အကြုံများအား မောရှေနောက်သို့ အဲဂုတ္တုမှ လိုက်လာသူတို့၏ နောက်ခံသမိုင်းနှင့်တကွ အစောပိုင်းကာလ အတွေ့အကြုံများကို ဆက်နွယ်စေသည့် ပုံစံများဖြင့် မောရှေ ပြောပြခဲ့သည်။ အာဗြဟံရော ဣသရေလတို့ပါ တူညီသော မိသားစု တစ်ခုထဲမှ ဆင်းသက်လာခဲ့ကြသည်။ ထို့ပြင် အာဗြဟံရော ဣသရေလတို့ပါ ခါနန်ပြည်တွင် အခြေချ နေထိုင်ဖို့ ဘုရားသခင် ခေါ်တော်မူခြင်းကို ခံခဲ့ရကြသည်။ သို့ဖြစ်၍ မောရှေသည် နောက်ခံသမိုင်းကြောင်းများကို ပေးခဲ့ရုံမက အာဗြဟံအား စံနမူနာ ပုံစံအဖြစ် တည်ဆောက်ခဲ့ပြီး သူ့မူလ ပရိသတ်တို့၏ အတွေ့အကြုံများအား အာဗြဟံ ဘဝဇာတ်ကြောင်းက မည်သို့ ကြိုတင်အရိပ်ပြခဲ့သည် ဆိုသည့် နည်းလမ်းများကိုပင်လျှင် ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒုတိယအားဖြင့် မောရှေသည် အစောပိုင်းကာလ အခြားသူများနှင့် အာဗြဟံ အပြန်အလှန် ထိတွေ့ဆက်ဆံမှုများကိုလည်း သူ့မူလ ပရိသတ်နှင့် ဆက်နွယ်ရာရောက်စေသည့် နည်းလမ်းများဖြင့် သရုပ်ဖော်ခဲ့ပြန်သည်။ ဣသရေလတို့သည် သူတို့၏ ခေတ်၌ အဲဂုတ္တုလူတို့နှင့် အပြန်အလှန် ဆက်ဆံခဲ့ရသည် ဖြစ်၍ အာဗြဟံနှင့် အဲဂုတ္တုလူတို့ မည်သို့ အပြန်အလှန် ဆက်ဆံခဲ့ကြသည်ကိုလည်း မောရှေ ပြောဆိုခဲ့သည်။ ဣသရေလတို့သည် လောတ၏ သားမြေးဖြစ်သော မောဘအမျိုး၊ အာမောရိ အမျိုးတို့နှင့် ထိတွေ့ဆက်ဆံခဲ့သည်ဖြစ်၍ အာဗြဟံနှင့် လောတတို့၏ အကြောင်းကိုလည်း သူ ပြောဆိုခဲ့သည်။ ထို့ပြင် ဣသရေလတို့သည် တိုင်းခြား ရှင်ဘုရင်တို့နှင့်တကွ ခါနနိ မြို့သားများအားဖြင့်လည်း အလားတူ ထိတွေ့မှု အတွေ့အကြုံများ ရှိခဲ့သည်ဖြစ်၍ အရှေ့ပြည်မှ ရှင်ဘုရင်များနှင့် ခါနန်ပြည် သောဒုံဘုရင်အကြောင်းတို့ကိုလည်း သူရေးခဲ့သည်။

တတိယအားဖြင့် ဣသရေလတို့သည် ဘုရားသခင်နှင့် ပဋိညာဉ်ဖွဲ့ခဲ့ကြသည်ဖြစ်၍ အာဗြဟံနှင့် ဘုရားသခင် ပဋိညာဉ်ဖွဲ့သည့် အကြောင်းကိုလည်း မောရှေ ရေးခဲ့သည်။ အာဗြဟံနှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်သည် ဣသရေလတို့နှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်အား မတူခြားနားသော ပုံစံများစွာဖြင့် ကြိုတင် အရိပ်ပြထားခဲ့သည်။

စတုတ္ထအားဖြင့် မောရှေသည် အာဗြဟံ၏ နှောင်းပိုင်းကာလ အခြားသူတို့နှင့် အပြန်အလှန် ထိတွေ့ဆက်ဆံမှုများအကြောင်း ရေးခဲ့သည်။ ဣသရေလတို့သည် သူတို့၏ ကာလ၌ အလားတူ လူမျိုးများ ဖြစ်ကြသည့် ခါနနိလူများ၊ မောဘလူများ၊ အာမောရိနှင့် ဖိလိတ္တိလူများနှင့် တွေ့ကြုံခဲ့ရသည်ဖြစ်၍ သောဒုံနှင့် ဂေါမောရလူများအကြောင်း၊ လောတနှင့် ဖိလိတ္တိမင်း အဘိမလက်တို့အကြောင်းတို့ကို သူရေးခဲ့သည်။

ထို့ပြင် ပဥ္စမအားဖြင့် အာဗြဟံ အနိစ္စရောက်ခြင်းနှင့် သူ၏ သားအကြောင်းတို့ကိုလည်း ဣသရေလတို့နှင့် ဆက်စပ်သော အနေအထားရောက်အောင် သရုပ်ဖော်ခဲ့သည်။ ဣသရေလ ပရိသတ်သည် ဣဇာက်၏ သားမြေးများ ဖြစ်ကြသောကြောင့် ဣဇာက်အား အာဗြဟံ၏ သီးသန့် အမွေခံသား အဖြစ် စူးစိုက်ထားခဲ့သည်။ ဆာရာ၏ သင်္ချိုင်းမြေသည် ဘုရားသခင် ကတိထားတော်မူသော နယ်မြေထဲ၌ ရှိသောကြောင့် ထိုမြေကွက်အပေါ်မှာလည်း အာရုံစိုက်စေခဲ့သည်။ ဣသရေလသည် သူတို့၏ ကာလ၌ ဣရှမေလသားမြေးတို့နှင့် ထိတွေ့ဆက်ဆံရန် ရှိခဲ့သဖြင့် အာဗြဟံ၏ အမွေခံမဟုတ်သည့် အခြားသောသားများ အထူးသဖြင့် ဣရှမေလ အပေါ်မှာလည်း အာရုံစိုက်စေခဲ့သည်။

ထို့ကြောင့် အာဗြဟံအကြောင်း မောရှေ ရေးလာသည်နှင့်အမျှ သူ့ဇာတ်ကြောင်းများနှင့် ဣသရေလ မူလပရိသတ်တို့အကြား မတူခြားနားသော ဆက်နွယ်ပတ်သက်မှု မျိုးစုံကို သူထုတ်ယူဆင်ခြင်ခဲ့သည်။ ထိုသို့သူလုပ်ဆောင်ရခြင်းသည်လည်း ကတိတော်နယ်မြေဆီသို့ သူ့နောက်မှ လိုက်ပါလာသူ ဣသရေလများအတွက် လေးနက်ထူးခြားသည့် ဦးဆောင်မှုမျိုး ပေးနိုင်ရန် ဖြစ်သည်။

မူလ ဣသရေလ ပရိသတ်တို့နှင့် အာဗြဟံ ဘဝဇာတ်ကြောင်းကို ချိတ်ဆက်ပေးသည့် ပဓာနကျသည့် နည်းလမ်းပုံစံတို့ကို ယခု ကျွန်ုပ်တို့ တွေ့မြင်ပြီးဖြစ်၍ မူလ အဓိပ္ပာယ် အကြောင်း အရေးကြီးသည့် နောက်ထပ်မေးခွန်းကို ကျွန်ုပ်တို့ မေးရန် လိုအပ်လာသည်။ အဆိုပါ ဆက်နွယ်နီးနှောမှုများကြောင့် မူလ ပရိသတ်တို့အတွက် မည်သည့် သွယ်ဝိုက် ဆက်စပ်မှုများ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှိခဲ့ပါသနည်း။ အာဖြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက်များထဲမှ သူတို့ ဘာတွေ သင်ယူစရာ ရှိခဲ့ပါသနည်း။

# သွယ်ဝိုက် ဆက်စပ်မှုများ

ကမ္ဘာဦးကျမ်းထဲက အာဖြဟံ ဘဝဇာတ်ကြောင်းလို ရှုပ်ထွေး ခက်ခဲသော သမိုင်းကြောင်းတစ်ခုကို အချိန်ယူ ရေးသားကြသည့်အခါ လှုံ့ဆော်ချက်အမျိုးမျိုး၊ ပန်းတိုင် အသွယ်သွယ် ရှိတတ်သည်။ သူတို့ရေးသော ဇာတ်လမ်းများနှင့် သူတို့၏ ပရိသတ်များအကြား သွယ်ဝိုက်ဆက်စပ်မှုမျိုးစုံ ရှိစေလိုကြသည်။ အမှန်စင်စစ် အာဖြဟံ ဘဝဇာတ်ကြောင်းကို မောရှေ ရေးခဲ့စဉ်က သူထားရှိသော ရည်ရွယ်ချက်တို့သည် အမျိုးစုံလင်လှသဖြင့် ၎င်းတို့အားလုံးကို စာကြောင်းအနည်းငယ်ဖြင့် စုစည်း အနက်ဖွင့်ရန် မဆိုထားဘိ အပြည့်အဝ အဓိပ္ပာယ်ဖွင့်ရန်ပင် မဖြစ်နိုင်ပေ။ သို့သော်လည်း သူရေးသည့် အာဖြဟံ ဘဝအကြောင်းများထဲမှ သူ့မူလ ပရိသတ်တို့ ထုတ်ယူဆင်ခြင်နိုင်လိမ့်မည်ဟု သူမျှော်လင့်ခဲ့သည့် အဓိက သွယ်ဝိုက်ဆက်စပ်မှုများကိုမူ ပေါင်းရုံးဖော်ပြ၍ ရနိုင်သည်။

အာဖြဟံ ဘဝဇာတ်ကြောင်းက ပေးနေသော မူလ သွယ်ဝိုက် ဆက်စပ်မှုများအား အဆင့်သုံးဆင့် ခွဲ၍ ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမဦးစွာ အဆိုပါ ဇာတ်လမ်းများကို ရည်ရွယ်ချက်ရှိရှိ ဒီဇိုင်းချထားသောအားဖြင့် မူလ ပရိသတ်အပေါ် သက်ရောက်စေလိုသည့် အခြေခံ သွယ်ဝိုက်ဆက်စပ်မှုကို ကျွန်ုပ်တို့ သရုပ်ဖော်ကြပါမည်။ ဒုတိယ အနေနှင့် အဆိုပါ ဇာတ်လမ်းများ၏ သွယ်ဝိုက်ဆက်စပ်မှုအား အာဖြဟံ ဘဝဇာတ်ကြောင်း၏ အဓိက အာဘော်လေးရပ်ထဲ၌ မည်သို့ ဖွင့်ဟထားသည်ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ တတိယ အနေနှင့် မောရှေ၏ အာဖြဟံ ဇာတ်လမ်းများထဲရှိ အဆင့်ငါးဆင့်တို့၏ မူလ သွယ်ဝိုက်ဆက်စပ်မှုတို့ကို တဆင့်ချင်းစီ အလိုက် ကျွန်ုပ်တို့ ပေါင်းရုံး အကျဉ်းချုပ်ကြပါမည်။ ပထမ ဦးစွာ အဆိုပါ ဇာတ်လမ်းများကို ရည်ရွယ်ချက်ရှိရှိ ဒီဇိုင်းချထားသောအားဖြင့် ပေါ်ထွက်စေလိုသည့် အခြေခံ အကျိုးသက်ရောက်မှုကို ကြည့်ကြပါစို့။

## အခြေခံကျသော အကျိုးသက်ရောက်မှု

ယေဘူယျ အကျဆုံး ဆိုရလျှင် အာဖြဟံ ဇာတ်လမ်း၏ ရည်ရွယ်ချက်ကို ဤကဲ့သို့ ပေါင်းရုံး အတိုချုပ်နိုင်သည်။ အဲဂုတ္တုပြည်မှ ဣသရေလတို့ အဘယ်ကြောင့် ထွက်ခွာရသည်၊ ထိုပြည်ကို မည်သို့ ချန်ရစ်ခဲ့ရမည် ဆိုသည်နှင့် ကတိတော်နယ်မြေသို့ အဘယ်ကြောင့် ဆက်ထွက်ရသည်၊ မည်သို့ သိမ်းပိုက်ရမည် ဆိုသည်တို့အား ထိုသူများသို့ သွန်သင်ရန်အလို့ငှာ အာဖြဟံ အကြောင်း မောရှေ ရေးခဲ့သည် ဟူ၍ ဖြစ်သည်။ တနည်းဆိုရလျှင် သူတို့၏ သမိုင်းနောက်ခံကို အာဖြဟံ ဘဝ၌ မြင်ရခြင်းဖြင့်၎င်း၊ ဆောင်ရန်၊ ရှောင်ရန် နမူနာပုံစံ၊ ဥပမာများကို အာဖြဟံ ဇာတ်ကြောင်းများထဲ၌

ရှာတွေ့ခြင်းဖြင့်၎င်း၊ သူတို့၏ ဘဝများအတွက် သူ့ဘဝဇာတ်ကြောင်းက မည်သို့ကြိုတင်အရိပ်ပြခဲ့သည်ကို ခွဲခြားသိရှိခြင်းဖြင့်၎င်း၊ မောရှေနောက်လိုက် ဣသရေလတို့သည် သူတို့အတွက် ထားရှိသည့် ဘုရားသခင့် အကြံအစည်တော်နောက်သို့ လိုက်နိုင်မည့် နည်းများအား မြင်တွေ့နိုင်ကြမည် ဖြစ်သည်။

ကမ္ဘာဦးကျမ်းကို မောရှေရေးသားကြောင်း သမ္မာကျမ်းစာနှင့် ယေရှုကိုယ်တိုင်၏ သက်သေခံချက်တို့အပေါ် အခြေခံ၍ ကျွန်ုပ်တို့ စိတ်ချနိုင်ကြသော်လည်း ယနေ့ ကျွန်ုပ်တို့ လက်၌ ရှိနေသည့် အနေအထားရောက်အောင် မည်သည့်အချိန်လောက်က မောရှေ အပြီးသတ်ခဲ့သည် ဆိုသည်နှင့် ပတ်သက်၍မူ ကျွန်ုပ်တို့ သေချာပေါက် မပြောနိုင်ပါ။ မည်သို့ပင် ဆိုစေ အာဖြဟံ၏ သမိုင်းကြောင်းကို ရေးရာ၌ မောရှေ၏ အဓိက အလေးဂရုပြုချက်သည် မည်သည့် မျိုးဆက်အတွက် မဆို အလွန်ပင် တူညီခဲ့ပါလိမ့်မည်။ သူတို့၏ နှလုံးသားများကို အဲဂုတ္တုမှ လှည့်သွားစေပြီး ကတိတော်နယ်မြေ ပိုင်ဆိုင်မှုဆီသို့ လှည့်လာစေရန် အာဖြဟံ အကြောင်းကို သူရေးခဲ့ခြင်းပင် ဖြစ်သည်။

မူလ ပရိသတ်အတွက် ဤယေဘူယျဆန်သည့် သွယ်ဝိုက် ဆက်စပ်မှုကို အလေးပေးလွန်ချက်ဟု ဆိုရန် ခက်ပါသည်။ သူ့နောက်သို့ လိုက်ပါလာသော ဣသရေလ နိုင်ငံအား အဲဂုတ္တုသို့ ဘယ်တော့မျှ ပြန်မသွားရေး၊ ခါနန်ကို သိမ်းပိုက်ရာ၌ အောင်မြင်ရေးတို့အတွက် ခွန်အားပေးရန် မောရှေ ရေးခဲ့သည်။ ဤမျှ ကျယ်ပြန့်သော သွယ်ဝိုက်ဆက်စပ်ချက်သည် အာဖြဟံ ဘဝဇာတ်ကြောင်း ကို ယနေ့ခေတ် ကျွန်ုပ်တို့ ဘဝ၌ လက်တွေ့အသုံးပြုရာတွင်လည်း ဦးဆောင်လမ်းညွှန်လျက် ရှိသည်။ ကျွန်ုပ်တို့ ခရစ်ယာန်များသည် ခရီးတစ်ခုကို နှင်နေသူများ ဖြစ်ကြသည်။ ဤခရီးသည် မောရှေတို့ကာလက ဣသရေလတို့ အစပြုခဲ့သောခရီးကို အမှန်စင်စစ် ပြီးပြည့်စုံစေသည့် ခရီးတစ်ခုပင် ဖြစ်တော့သည်။ ကျွန်ုပ်တို့သည် ကောင်းကင်သစ်၊ မြေကြီးသစ်ဆီသို့ ဦးတည် ခရီးနှင်လျက် ရှိကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ အသက်တာ၌ အာဖြဟံ၏ ဇာတ်ကြောင်းတို့ကို လက်တွေ့အသုံးပြုသည့်အခါ ခါနန်သို့ ခရီးဆက်နှင်နေရန် မူလပရိသတ်သို့ အာဖြဟံ ဇာတ်ကြောင်းတို့က ညွှန်ကြားခဲ့ကြသည့် ပုံစံများ အပေါ် ကျွန်ုပ်တို့ အာရုံစိုက်ကြရပါမည်။

ဤ ခြုံငုံလွှမ်းခြုံနေသည့် ဗဟိုချက်ကို အနည်းငယ် ရှင်းပြရန်အတွက် ဤကမ္ဘာဦးကျမ်း အပိုင်းကဏ္ဍထဲ ကျွန်ုပ်တို့ ရှာဖွေဖော်ထုတ်ထားသော အဓိက အာဘော် လေးရပ်ကို ပြန်ကြည့်ခြင်းဖြင့် မောရှေ၏ ရည်ရွယ်ချက်ကို ပိုမိုအသေးစိတ် လေ့လာကြရပါမည်။

## အဓိက အာဘော်များ

ဤသင်ခန်းစာ အစောပိုင်း၌ ကမ္ဘာ ၁၂း၁-၃ သည် လူမျိုးစုခေါင်းဆောင် သမိုင်းရှိ ဤအပိုင်းနှင့် ဆီလျော်ညီညွတ်သည့် အာဘော် အနည်းဆုံး လေးခုကို ကိုယ်စားပြုကြောင်း ကျွန်ုပ်တို့ အကြံပြုထားခဲ့သည်ကို သင် ပြန်သတိရပါလိမ့်မည်။ သူ့ပုံပြင်များကို မောရှေ ဒီဇိုင်းချ ရေးသားရာမှ ပေါ်ထွက်ရသည့် အဓိက သွယ်ဝိုက်ဆက်စပ်မှုအား အဆိုပါ အာဘော်လေးခုတို့က ဖော်ပြထားသည်။ ပထမအားဖြင့် အာဖြဟံသို့ ဘုရားသခင်ပြုတော်မူသော ကျေးဇူးတော်အပေါ်တွင် သူစူးစိုက်ခဲ့သည်။ ဒုတိယအားဖြင့် အာဖြဟံ၏ သစ္စာစောင့်သိမှုအပေါ်တွင် သူအာရုံစိုက်ခဲ့သည်။ တတိယအားဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အာဗြဟံခံစားရသော ကောင်းချီးများအပေါ်တွင် သူအလေးဂရုပြုခဲ့သည်။ နောက်ဆုံး စတုတ္ထအနေနှင့် အာဗြဟံအားဖြင့် စီးထွက်သော ကောင်းချီးများအပေါ် သူစူးစိုက်ခဲ့သည်။ ၎င်းသည် အဆိုပါ အာဘော် လေးရပ်အရ အာဗြဟံအကြောင်းရေးသားရခြင်း၏ မူလ ရည်ရွယ်ချက်တို့ကို စဉ်းစားရလွယ်ကူစေသည်။

## ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော်

ပထမအားဖြင့် အာဗြဟံသို့ ဘုရားသခင် ကရုဏာပြပုံ နည်းလမ်းများအကြောင်း မောရှေ ရေးခဲ့သည်။

ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင် ဘုရားသခင်နှင့် အာဗြဟံတို့၏ ရင်းနှီးဆက်နွယ်မှု အစောပိုင်းကာလများမှာရော သူ့အသက်တာ တလျှောက် နေ့ရက်အစဉ်တိုင်းမှာပါ အာဗြဟံသို့ ဘုရားသခင် ကျေးဇူးများစွာ ပြခဲ့သည်ကို ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သည်။ ဘုရားသခင်သည် သူတို့ကိုပါ ကျေးဇူးများစွာ ပြခဲ့ကြောင်း မောရှေကာလ ဣသရေလတို့အား သတိပေးရန် ဘုရားသခင့် ကျေးဇူးတော်ကို အာဘော်အဖြစ် ရည်ရွယ်ချက်ရှိရှိ ဒီဇိုင်းချထားခဲ့သည်။ သူတို့အား အဲဂုတ္တုမှ သိနာတောင်သို့ ဘုရားသခင် ခေါ်ဆောင်လာခဲ့စဉ်ကပင် ကျေးဇူးတော်ကို သူတို့အား စောစီးစွာ ပြတော်မူခဲ့ပြီး ဖြစ်သည်။ ထို့ပြင် နေ့ရက်အစဉ် အနာဂတ် ခါနန် နယ်မြေသိမ်းပိုက်ရေး အတွက် ပြင်ဆင်ပေးသည့် တိုင်အောင် ကိုယ်တော်၏ ကရုဏာတော်ကို ဆက်ပြခဲ့သည်။

ထွက်မြောက်ရာ ၁၉း၄ ပါ သိနာတောင်၌ ဘုရားသခင် မိန့်တော်မူသော ထင်ရှားသည့် စကားများက ဘုရားသခင့်ကျေးဇူးတော်ကို ဤသို့ ဖော်ပြထားသည်။

> ငါသည် အဲဂုတ္တုလူတို့၌ ပြုသော အကြောင်း၊ သင်တို့ကို ရွှေလင်းတ အတောင်ဖြင့် ထမ်း၍ ကိုယ်ဘို့ သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ (ထွက်မြောက် ၁၉း၄)။

ဝမ်းနည်းဖွယ်ပင် မောရှေ ဦးဆောင်လာခဲ့သော ဣသရေလတို့သည် ဘုရားသခင့် အထံတော်မှ သူတို့ မည်မျှ လောက် များပြားသော ကျေးဇူး ကရုဏာတော် ခံစားခဲ့ရသည် ဆိုသည်ကို မေ့လျော့သွားခဲ့ကြသည်။ အဲဂုတ္တုတွင် ခံစားရသည့် သက်သာမှု အမျိုးမျိုးမှ ဝေးရာသို့ သူတို့ကို ခေါ်ဆောင်သွားခြင်းဖြင့် သူတို့အား ဘုရားသခင်နှင့် မောရှေတို့က လှည့်စားခဲ့ကြောင်း အစောပိုင်းကတည်းကပင် သူတို့ စောဒက တက်ခဲ့ကြသည်။ တောကန္တာရ အတွင်း အစားအစာနှင့် ရေ အတွက် သူတို့ စောဒက တက်ခဲ့ကြသည်။ ကတိတော်နယ်မြေအတွက် အောင်ပွဲဝင်ရန် သူတို့အား ဘုရားသခင် ခေါ်တော်မူခဲ့စဉ်က သူတို့ဖြည့်ဆည်းရမည့် ဘုရားသခင့် တောင်းဆိုချက်သည် လိုသည်ထက် ပိုနေခဲ့သည်ဟု သူတို့ ထင်ခဲ့ကြသည်။ သို့ဖြစ်၍ သူတို့ကို ဘုရားသခင် ကောင်းချီးပေးခဲ့ပုံများနှင့် သူတို့အပေါ် ဘုရားသခင် ထပ်ကာ ထပ်ကာ ကရုဏာပြခဲ့ပုံများကို သူ့မူလ ပရိသတ်တို့အား ပြန်သတိပေးရန်အတွက် မောရှေသည် အာဗြဟံသို့ ဘုရားသခင် ကရုဏာပြခဲ့ပုံများအပေါ် မကြာခဏ အလေးပေးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အာဗြဟံ၏ သစ္စာရှိမှု

ဒုတိယအားဖြင့် ကိုယ်တော်၏ ပညတ်များကို နာခံရန် တာဝန်ရှိကြောင်း အာဗြဟံအပေါ် ဘုရားသခင် မှတ်ယူပုံ နည်းလမ်းများစွာ အပေါ် အာရုံစိုက်စေခြင်းဖြင့် အာဗြဟံ၏ သစ္စာစောင့်သိရိုသေမှုကို မောရှေ အလေးပေးခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။ ကိုယ်တော်၏ ပညတ်များကို စောင့်ရှောက်ရန် လူမျိုးစု ခေါင်းဆောင်အပေါ် ဘုရားသခင် မျှော်လင့်ချက်ထားခဲ့ပုံအား မောရှေက အထပ်ထပ် အလေးပေးထားခဲ့သည်။ အကြောင်းမှာ ဤစူးစိုက်မှုသည် သူ့နောက် လိုက်သော ဣသရေလတို့ အတွက်လည်း အကျုံးဝင်စပ်ဆိုင်သောကြောင့် ဖြစ်သည်။ သစ္စာစောင့်သိရိုသေရန် လိုအပ်ချက်အပေါ် ဤစူးစိုက်မှုသည် မောရှေကာလ ဣသရေလတို့ကိုလည်း ဆိုလိုရာ ရောက်ခဲ့သည်။ ထွက်မြောက်ရာ ၁၉း၄-၅ ပါ သိနာတောင်၌ ဣသရေလသို့ ဘုရားသခင် ဆက်လက် မိန့်တော်မူခဲ့သည့် ပုံစံကို နားထောင်ကြည့်ပါ။

> ငါသည် အဲဂုတ္တုလူတို၌ ပြုသော အကြောင်း၊ သင်တို့ကို ရွှေလင်းတ အတောင်ဖြင့် ထမ်း၍ ကိုယ်ဘို့ သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ။ ထို့ကြောင့် ယခုတွင် သင်တို့သည် ငါ့စကားကို နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်ကြလျှင် အခြားသော လူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော် ဖြစ်ရကြလိမ့်မည် (ထွက်မြောက် ၁၉း၄-၅)။

ဤနေရာ၌ ပိုင်ထိုက်သော ဘဏ္ဍာဖြစ်ခြင်း ကောင်းချီး မင်္ဂလာသည် ဣသရေလ၏ သစ္စာစောင့်သိမှု အပေါ် မူတည်နေခဲ့ကြောင်း သတိချပ်ရပါမည်။ နိုင်ငံအပေါ် ကရုဏာကျေးဇူးများစွာ ဘုရားသခင် ပြခဲ့သော်လည်း မျိုးဆက်တိုင်းမှ တစ်ဦးချင်းစီ၏ ဂုဏ်ရည်သည် ဘုရားသခင့် ပညတ်တော်များကို သူတို့ မည်သို့ တုန့်ပြန်သည် ဆိုသည်အပေါ်မှာသာ တည်မှီနေခဲ့သည်။

ယခုတွင် ကျွန်ုပ်တို့ မြင်ခဲ့ပြီးသည့်အတိုင်း အာဗြဟံသို့ ပေးတော်မူခဲ့သော ပဓာန တာဝန်မှာ ခါနန်ပြည်သို့ သွားရန် ဖြစ်ခဲ့သည်။ ဤတာဝန်ကို မောရှေ အလေးပေးခဲ့ရခြင်း အကြောင်းမှာ ခါနန်ပြည်သို့ သွားနေသည့် လမ်းစဉ်ကို သူ့နောက်လိုက်လာသည့် ဣသရေလတို့အား မလွဲမတိမ်း ထိမ်းသိမ်းစေလို၍ ဖြစ်သည်။ ဟုတ်ပါသည်။ အာဗြဟံ၏ အခြားသော တာဝန်များ အကြောင်း မောရှေ ရေးခဲ့ခြင်းသည်လည်း ဣသရေလတို့ ခေတ်ကာလ အခြား လုပ်ဆောင်ရမည့် တာဝန်များ အကြောင်း သူတို့ကို သွန်သင်ရန် လုပ်ဆောင်ခဲ့ခြင်းပင် ဖြစ်သည်။ အာဗြဟံ ဘက်မှ စောင့်သိရိုသေရမည့် လိုအပ်ချက် များစွာက မူလ ပရိသတ်သည်လည်း ဘုရားသခင့် ပညတ်တော်များ အပေါ် သစ္စာစောင့်သိရိုသေဖို့ လိုသည် ဆိုသည့် အချက်ကို ရှင်းရှင်း ပြောပြခဲ့သည်။

## အာဗြဟံသို့ ပေးတော်မူသော ကောင်းချီးမင်္ဂလာများ

တတိယအနေဖြင့် အာဗြဟံသို့ ဘုရားသခင် ကတိထားတော်မူသည့် ကောင်းချီးမင်္ဂလာများ ဟူသော အာဘော်၏ အရေးကြီးပုံကို ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။ အာဗြဟံအကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူ့ဇာတ်လမ်းများထဲတွင် ကြီးမြတ်သော လူမျိုးဖြစ်စေမည်၊ ကြွယ်ဝချမ်းသာစေမည်၊ အာဗြဟံသာမက သူ့သားမြေးများအားလည်း ဂုဏ်ရှိန်ကျော်ဇောစေမည် ဟူသည့် ကောင်းချီးကတိတော်များ အပေါ် မောရှေ စူးစိုက်ထားခဲ့သည်။ သူ အသက်ရှင်ခိုက် အခါများစွာ၌ အဆိုပါ ကောင်းချီးတို့အား အာဗြဟံ မြည်းစမ်း ခံစားခွင့်ခဲ့ရသည်ကိုပင် ကျွန်ုပ်တို့ တွေ့ကြရသည်။ အခြားအခါတို့တွင်မူ အာဗြဟံ ဇာတ်ကြောင်းတို့သည် နောင်လာမည့် သားမြေးတို့ လက်ထက်၌ ခံစားပြည့်စုံမည့် ကောင်းချီးများအပေါ်မှာ စူးစိုက်ထားခဲ့သည်။ ယင်းကောင်းချီးတို့သည် မောရှေဦးဆောင်နေသော အာဗြဟံ သားမြေး ဣသရေလလူမျိုးများအတွက်လည်း ဖြစ်သောကြောင့် အာဗြဟံခံစားရသော ကောင်းချီးများအပေါ် အဆိုပါပုံစံများဖြင့် မောရှေ စူးစိုက်ခဲ့ခြင်း ဖြစ်သည်။ ဣသရေလ လူမျိုးများ အတွက်လည်း ကြီးမြတ်သော ကောင်းချီးများကို ကတိပြုတော်မူထားခဲ့သည်။ ကတိတော်နယ်မြေသို့ သူတို့ ဝင်ရောက်သွားသည့်အခါ သူတို့သည် ကြီးမြတ်သော လူမျိုးတစ်မျိုး ဖြစ်လာဖို့၊ ရှေးက မကြုံဖူးခဲ့သည့် ကြွယ်ဝချမ်းသာမှုကို ခံစားဖို့နှင့် ဂုဏ်သတင်းကျော်ဇောလာဖို့ ရှိနေခဲ့သည်။

အမှန်တွင် အာဗြဟံနှင့် များစွာ အလားတူပင် ကမ္ဘာဦးကျမ်းကို ရေးသားခဲ့စဉ်အချိန်လောက်က ဣသရေလတို့သည်လည်း အဆိုပါ ကောင်းချီးတို့အား အမြည်းအစမ်းအဖြစ် များစွာ ကြုံတွေ့ခံစားခဲ့ပြီး ဖြစ်ကြသည်။ သူတို့ အသက်ရှင်ခိုက်မှာပင် အဆိုပါ ကောင်းချီးများထဲက အချို့ပြည့်စုံလာခဲ့သည်ကို သူတို့ စတင်မြင်တွေ့ခဲ့ကြပြီး ဖြစ်သည်။ သို့ရာတွင် အဆိုပါ ကောင်းချီးများထဲတွင် ကတိတော်နယ်မြေဝင်သည့် အခါမှသာ ပြည့်စုံခြင်းသို့ ရောက်လာမည့် ကတိတော်များလည်း ရှိနေဆဲ ဖြစ်သည်။ ထွက်မြောက်ရာ ၁၉း၆ တွင် အဆိုပါ အနာဂတ် ကောင်းချီးများအကြောင်းကို သိနာတောင်၌ ဤသို့ ဘုရားသခင် မိန့်တော်မူထားခဲ့သည်။

> သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊
> သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည် (ထွက်မြောက်ရာ ၁၉း၆)။

မိမိကာလအတွင်း ဣသရေလတို့၏ မျှော်လင့်ချက်များအား မြှင့်တင်ပေးနိုင်ရန်အတွက် အာဗြဟံသို့ ဘုရားသခင် ကတိထားတော်မူသော ကောင်းချီးများကို မောရှေ ရေးခဲ့သည်။ လူမျိုးစု ခေါင်းဆောင်သို့ ထားတော်မူသော ဘုရားကတိတော်များအကြောင်း သူတို့ ဖတ်ရသည့်အခါ ကြီးကျယ်သည့် ကောင်းချီးများအား သူတို့အတွက် ဘုရားသခင် မည်သို့ကြိုတင် ပြင်ဆင်ထားသည်ကိုလည်း သူတို့ ရှင်းလင်းစွာ မြင်နိုင်ခဲ့မည် ဖြစ်သည်။

## အာဗြဟံအားဖြင့် စီးဆင်းသော ကောင်းချီးမင်္ဂလာများ

စတုတ္ထအားဖြင့် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာတို့သည် လူမျိုးစုခေါင်းဆောင်အားဖြင့် ကမ္ဘာတခွင်လုံးသို့ ရောက်ရှိမည် ဆိုသည်ကို အာဗြဟံ ဇာတ်ကြောင်းများက ဖွင့်ပြထားကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ သင်ပြန်အမှတ်ရမည်ဆိုပါက အာဗြဟံအားဖြင့် စီးဆင်းသော ကောင်းချီးတို့သည် ရိုးရှင်းသောပုံဖြင့် လာရန် မရှိပါ။ ကမ္ဘာ ၁၂း၃ တွင် အာဗြဟံ၏ မိတ်ဆွေများကို ကောင်းချီးပေးခြင်း၊ အာဗြဟံ၏ ရန်သူများကို ကျိန်ဆဲခြင်း ဆိုသည့် ဖြစ်စဉ်အားဖြင့် အာဗြဟံကို ဘုရားသခင်က အောင်မြင်ခြင်း ပေးမည့်အကြောင်း ကျွန်ုပ်တို့ သင်ယူရသည်။ အခြားလူမျိုးတို့ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကိုယ်စားပြုသည့် လူမျိုးခြားတို့နှင့် အာဗြဟံ ထိတွေ့ဆက်ဆံလာသည်နှင့်အမျှ အဆိုပါ ဖြစ်စဉ်အပေါ် မြည်းစမ်းခံစားခွင့်အား အာဗြဟံ အသက်ရှင်ခိုက်မှာပင် သူ့ကို ဘုရားသခင် ပေးခဲ့ကြောင်း ရသစုံသော အခန်းငယ်များအတွင်း၌ မောရှေ ထောက်ပြခဲ့သည်။ အာဗြဟံဘဝဇာတ်ကြောင်း အဖြစ်အပျက်များအတွင်း အခါ များစွာတို့၌ ကတိတော် ပြည့်စုံမှု အများအပြားသည် အနာဂတ်တွင် ဖြစ်လာမည် ဆိုသည်ကိုလည်း မောရှေ ညွှန်ပြထားခဲ့သည်။

ဤအာဘော်ကို မောရှေ အလေးပေးရခြင်းမှာ ၎င်းသည် သူ့ကာလ၌ သူ့နောက်လိုက်ကြသော ဣသရေလတို့နှင့် အလွန်ပင် အကျုံးဝင် ပတ်သက်နေခဲ့သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် သူတို့၏ မိတ်ဆွေများကို ကောင်းချီးပေးပြီး သူတို့၏ ရန်သူများကိုမူကား ကျိန်ဆဲမည် ဖြစ်သောကြောင့် သူတို့အားဖြင့် သူတပါးသို့ ကောင်းချီးဖြစ်ခြင်းအမှုအရာ အောင်မြင်မည့်အကြောင်း သူတို့ကို အာမခံချက် ပေးထားခဲ့သည်။ သူတို့အသက်ရှင်ခိုက် အမျိုးမျိုးသော လူအုပ်စုများနှင့် အပြန်အလှန် ထိတွေ့ဆက်ဆံခဲ့ကြသည်နှင့်အမျှ အဆိုပါ ကတိတော်များပြည့်စုံလာသည်ကို သူတို့ကိုယ်တိုင်လည်း အမြည်းအစမ်း တွေ့ကြုံခဲ့ကြပြီး ဖြစ်သည်။ သူတို့၏ မိတ်ဆွေများကို ဘုရားသခင် ကောင်းချီးပေးပြီး ရန်သူများကိုမူ ကျိန်ဆဲကြောင်း အခါများစွာ၌ သူတို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ထို့ထက်ပို၍ ဆိုရလျှင် ကတိတော်နယ်မြေသို့ သူတို့ဝင်ရောက်ပြီးနောက် မြေကြီးစွန်းတိုင်အောင် ဘုရားသခင့် နိုင်ငံတော်ကို တိုးတက်ဖြန့်ကျက်လာသည်နှင့် အမျှ ဣသရေလတို့၏ ရူပါရုံအား အနာဂတ်ပြည့်စုံမှုများဆီသို့ လှည့်သွားစေဖို့ မောရှေသည် အဆိုပါ ကိစ္စရပ်များအပေါ် စူးစိုက်ခဲ့ရခြင်းလည်း ဖြစ်သည်။ ကျွန်ုပ်တို့ လတ်တလောတွေ့ခဲ့ပြီးသည့်အတိုင်း ထွက်မြောက်ရာ ၁၉း၆တွင် ဣသရေလတို့အား ဘုရားသခင်က ဤသို့ မိန့်တော်မူခဲ့သည်။

> သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊
> သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည် (ထွက်မြောက်ရာ ၁၉း၆)။

မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး ဖြစ်မည် ဟူသော ဤလူမျိုး၏ ရူပါရုံသည် ဘုရားကို အစေခံသော သန့်ရှင်းသော လူမျိုးဖြစ်ခြင်းအခွင့်အားဖြင့် လူမျိုးတစ်ခုလုံး ကောင်းချီး ခံစားရမည် အကြောင်း ညွှန်ပြရုံမျှသာ မဟုတ်ဘဲ ကမ္ဘာမြေတခွင်လုံး၌ ဘုရားသခင့် ရည်ရွယ်ချက်တို့ ပြည့်စုံလာရေးအတွက် ဣသရေလ သားမြေးတို့ အလုပ်အကြွေးပြုကြမည့် အကြောင်းကိုပါ ညွှန်ပြထားခဲ့သည်။ ကတိတော်နယ်မြေဆီ ရှေ့ခရီးဆက်ဖို့ ဣသရေလအား မောရှေက တိုက်တွန်းစေ့ဆော်လာခဲ့သည်နှင့် အမျှ ကိုယ်တော်၏ နိုင်ငံတော် ဖြန့်ကျက်ဖို့ရန်နှင့် ထိုသို့သောအားဖြင့် ကိုယ်တော်၏ ကောင်းချီးမင်္ဂလာတို့သည်လည်း လောကတခွင်လုံးသို့ ဖြန့်ကျက်သွားဖို့ ကိုယ်တော်သည် ဣသရေလအား မည်သို့ အသုံးပြုရန် ရှိသည် ဆိုသည့် ရူပါရုံကို သူတို့အတွင်း စိုက်သွင်းပေးရာ ရောက်အောင် အာဗြဟံအကြောင်း သူ့ အရေးအသားတို့အား ဒီဇိုင်းချထားခဲ့သည်။

ယခုတွင် မူလ ပရိသတ်တို့အတွက် ထားရှိသော အာဗြဟံ ဘဝဇာတ်ကြောင်း၏ ပဓာန အာဘော်လေးရပ်တို့၏ သွယ်ဝိုက်ပတ်သက်မှုများ အကြောင်း ကျွန်ုပ်တို့ တွေ့ပြီးဖြစ်၍ ကမ္ဘာဦးကျမ်းထဲ မှတ်တမ်းတင်ထားသည်နှင့်အညီ လူမျိုးစုခေါင်းဆောင် ဘဝဇာတ်ကြောင်း ဖွဲ့စည်းပုံမှာတွေ့ရသည့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဓိက အဆင့်တိုင်းကို လေ့လာခြင်းဖြင့် အာဗြဟံဇာတ်ကြောင်းများကြောင့် မူလ ပရိသတ်အပေါ် သက်ရောက်လာသည့် အကျိုးသက်ရောက်မှုကို အချုပ်အားဖြင့် ပေါင်းရုံးကြည့်ကြပါစို့။

# အဆင့် ငါးဆင့်

အာဗြဟံ ဘဝဇာတ်ကြောင်းကို အဓိက အဆင့်ငါးဆင့် ခွဲခြားထားကြောင်း သင် ပြန်အမှတ်ရပါလိမ့်မည်။ ပထမအားဖြင့် ၁၁:၁၀ မှ ၁၂:၉ အထိ အာဗြဟံ၏ နောက်ခံသမိုင်းနှင့် အစောပိုင်းကာလ ဘဝအတွေ့အကြုံများ၊ ဒုတိယအားဖြင့် ၁၂:၁၀ မှ ၁၄:၂၄ အထိ အစောပိုင်းကာလများအတွင်း အခြားသော လူမျိုးအုပ်စု ကိုယ်စားပြုသူများနှင့် အာဗြဟံတို့ ထိတွေ့ဆက်ဆံမှုများ၊ တတိယအားဖြင့် ၁၅:၁ မှ ၁၇:၂၇ အထိ အာဗြဟံနှင့် ဘုရားသခင်အကြား ပဋိညာဉ်ဖွဲ့ခြင်း၊ စတုတ္ထအားဖြင့် ၁၈:၁ မှ ၂၁:၃၄ အထိ နှောင်းပိုင်းကာလ အခြားလူမျိုးအုပ်စု ကိုယ်စားပြုသူတို့နှင့် အာဗြဟံ ထိတွေ့ဆက်ဆံမှုများ၊ ပဉ္စမအားဖြင့် ၂၂:၁ မှ ၂၅:၁၈ အထိ အာဗြဟံ၏ အမွေခံ သားမြေး အကြောင်းနှင့် အာဗြဟံ အနိစ္စရောက်ခြင်းအကြောင်းတို့ ဖြစ်ကြသည်။

အဆိုပါ အဓိက အဆင့် တစ်ခုချင်းစီကိုလည်း ကဏ္ဍငယ် သို့မဟုတ် အခန်းငယ်များစွာအဖြစ် ထပ်ခွဲထားသည်။ အဆိုပါ အခန်းငယ်များ၌ ပါဝင်သည့် အကြောင်းအရာတို့ကိုငင်း၊ မောရှေ ဦးတည်ခဲ့သော မူလ ပရိသတ်အပေါ် ၎င်းတို့ အားဖြင့် သင့်ရောက်စေသည့် အဓိက သွယ်ဝိုက်ဆက်စပ်မှုအချို့တို့ကိုငင်း၊ ကျွန်ုပ်တို့ တိုတိုတုတ်တုတ် ပေါင်းရုံးအကျဉ်းချုံးကြည့်ကြပါမည်။

## နောက်ခံသမိုင်းနှင့် အစောပိုင်းကာလ ဘဝအတွေ့အကြုံများ

အာဗြဟံ မိသားစုနှင့် စပ်လျဉ်းသည့် သွင်ပြင်လက္ခဏာ အတော်များများအပါအဝင် ဘုရားသခင်ကို အလုပ်အကျွေးပြုရန် သူ့အား မူလခေါ်ချိန် အကြောင်းများကို အာဗြဟံ ဘဝဇာတ်ကြောင်း အစခြေလှမ်း၊ သူ့နောက်ခံသမိုင်းနှင့် အစောပိုင်း ဘဝအတွေ့အကြုံတို့က အစီရင်ခံထားသည်။ ယေဘူယျအားဖြင့် အာဗြဟံ ဘဝဇာတ်ကြောင်းရှိ အဆိုပါ အဖြစ်အပျက်များထဲမှ သူတို့၏ နောက်ခံသမိုင်းနှင့်တကွ သူတို့အတွက် ဘုရားသခင် ခေါ်သံတို့ကို သူတို့ မည်သို့ သင်ယူနိုင်ကြောင်း မူလ ဣသရေလ ပရိသတ်တို့အား ပြရန်အတွက် ဤခြေလှမ်းအစကို မောရှေ ဒီဇိုင်းချခဲ့သည်။

ဤခြေလှမ်းအစကို ကဏ္ဍငယ် သို့မဟုတ် အခန်းငယ် သုံးခု အဖြစ် ပိုင်းခြားနိုင်သည်။ အာဗြဟံ ဘဝဇာတ်ကြောင်းသည် ကမ္ဘာ ၁၁:၁၀-၂၆ ပါ ဘုရားသခင် ရွေးကောက်သော အာဗြဟံမျိုးရိုးကို တင်ဆက်သည့် ဆွေစဉ်မျိုးဆက်စာရင်းနှင့် အစပြုသည်။ အာဗြဟံသည် ဘုရားသခင် သီးသန့် ရွေးကောက်တော်မူသဖြင့် ဘုရားရှေ့၌ မျက်နှာရစွာ ဂုဏ်ရည်ဆောင်သည့် ရှေမ အိမ်ထောင်စုကြီးထဲ၌ အထွတ်အထိပ်သို့ ရောက်လာသော ပုဂ္ဂိုလ်ဖြစ်သည် ဆိုသည့် အချက်ကို ယင်းကျမ်းချက်တို့က ထူထောင်ပေးထားသည်။ တဖန်ပြန်၍ မူလ ဣသရေလ တို့သည်လည်း အာဗြဟံမိသားစု၏ သားမြေးများအဖြစ်ဖြင့် တူညီသော မျက်နှာရ ဂုဏ်ဆောင်အဆင့်ကို မျှဝေခံယူထားကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤဆွေစဉ်မျိုးဆက်စာရင်းက သူတို့ကို အမှတ်ရစေခဲ့ပါလိမ့်မည်။ သူတို့သည်လည်း ဘုရားသခင်၏ သီးသန့် ရွေးကောက်တော်မူသော လူများ ဖြစ်ကြသည်။

အာဗြဟံ နောက်ခံသမိုင်းနှင့် အစောပိုင်းကာလ အတွေ့အကြုံများ၏ ဒုတိယ အခန်းငယ်သည် ၁၁း၂၇-၃၂ ပါ နောက်ထပ် ဆွေစဉ်မျိုးဆက်စာရင်းပင်ဖြစ်သည်။ အနှစ်ချုပ်ဆိုရလျှင် ဤကျမ်းချက်သည် ခါနန်မြေသို့ သွားရန်ကြိုးစားသော်လည်း ကျရှုံးခဲ့သော တေရအား ရုပ်တု ကိုးကွယ်သူအဖြစ် ဖော်ပြခဲ့သည်။ သူတို့၏ လက်တွေ့ဘဝနှင့် အာဗြဟံ၏ အခြေအနေတို့အကြား တူညီမှုကို မောရှေ၏ မူလ ပရိသတ်တို့ တွေ့မြင်ခဲ့ကြပြီး ဖြစ်ပါလိမ့်မည်။ သူတို့၏ မိဘများသည်လည်း ရုပ်တုကိုးကွယ်သူများ ဖြစ်ခဲ့ကြပြီး ခါနန်မြေသို့ ဝင်ရန် ပျက်ကွက်သူများ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ဖခင်၏ အမှားမျိုး ထပ်မမှားရလေအောင် အာဗြဟံ ရှောင်ရှားခဲ့သည့်နည်းတူ မောရှေနောက်လိုက်ခဲ့သည့် ဣသရေလတို့သည်လည်း ခါနန်ဝင်ရန် ပျက်ကွက်ခဲ့ကြသည့် မူလ ထွက်မြောက်ရာ မျိုးဆက် ရုပ်တုကိုးကွယ်သူ သူတို့ ဖခင်၊ မိခင်များ၏ အမှားမျိုး ထပ်မှားခြင်းမှ ရှောင်ရှားရန် လိုအပ်ခဲ့သည်။

အာဗြဟံနောက်ခံသမိုင်းနှင့် အစောပိုင်းကာလ အတွေ့အကြုံများသည်လည်း ၁၂း၁-၉ တွင် ခါနန်သို့ အာဗြဟံ ရွှေ့ပြောင်း အခြေချသည့် အကြောင်းကို ဆက်လက် ဖော်ပြသွားသည်။ ခါနန်မြေသို့ အာဗြဟံအား ဘုရားသခင် ခေါ် ခဲ့သည်။ အာဗြဟံသည်လည်း အခက်အခဲအမျိုးမျိုးကြားမှ ဘုရားခေါ်သံကို နာခံခဲ့သည်။ များစွာ အလားတူပင် ခါနန်မြေသို့ မောရှေ၏ မူလ ဣသရေလ ပရိသတ်တို့ကို ဘုရားသခင် ခေါ် ခဲ့သည်။ သူတို့သည်လည်း အခက်အခဲမည်မျှ ရှိပါလေစေ ဘုရားခေါ်သံကို နာခံကြရမည် ဖြစ်သည်။ ထို့ကြောင့် ခါနန်မြေသို့ အာဗြဟံပြောင်းရွှေ့ အခြေချခြင်း ဇာတ်ကြောင်းက မောရှေကာလ ဣသရေလတို့သည်လည်း ခါနန်မြေသို့ အာဗြဟံ ပြောင်းရွှေ့အခြေချသည့် ဥပမာအတိုင်း လိုက်လုပ်ကြရမည် ဆိုသည့် မူလ သွယ်ဝိုက်ဆက်စပ်မှုကို ပေးခဲ့သည်။

ဘုရားသခင်ကို အလုပ်အကျွေးပြုရင်း သူ၏ မူလ ပရိသတ်တို့ စိမ်ခေါ်မှုများတွေ့လာချိန်တွင် မောရှေသည် သူတို့အား အဆိုပါ ကဏ္ဍငယ် သုံးခုဖြင့် အာဗြဟံ ဘဝဇာတ်ကြောင်းကို မိတ်ဆက်ပေးပြီး လေးနက်ထူးခြားစွာ လမ်းညွှန်ခဲ့သည်။

## အခြားလူတို့နှင့် အစောပိုင်းကာလ ထိတွေ့ဆက်ဆံမှုများ

ကမ္ဘာဦးကျမ်းလာ အာဗြဟံ ဘဝဇာတ်ကြောင်းမှ ဒုတိယမြောက် အဓိက အဆင့်သည် လူမျိုးစုခေါင်းဆောင်၏ အစောပိုင်းကာလ အခြားလူတို့နှင့် ထိတွေ့ဆက်ဆံမှုများအပေါ် အာရုံစိုက်ထားသည်။ ယင်း အခန်းကြီးတို့သည် အခြားလူတို့နှင့် မူလ ဣသရေလ စာဖတ်သူများ ထိတွေ့ဆက်ဆံလာချိန်၌ လမ်းပြပေးရန် ရည်ရွယ်ချက်ဖြင့် အာဗြဟံနှင့် အခြားလူမျိုးအုပ်စုတို့ နည်းမျိုးစုံဖြင့် အပြန်အလှန် ဆက်ဆံခဲ့ကြပုံကို ဖော်ပြထားသည်။

ကမ္ဘာ ၁၂း၁၀-၂၀ လာ ပထမဆုံး အခန်းငယ်တွင် အဲဂုတ္တုမှ အာဗြဟံ လွတ်မြောက်လာခဲ့သည့်အကြောင်းကို မောရှေ သရုပ်ဖော်ခဲ့သည်။ အစာခေါင်းပါးကပ်ကြောင့် အဲဂုတ္တုတွင် လူမျိုးစုခေါင်းဆောင် တည်းခိုခဲ့ရကြောင်း သင်ပြန်အမှတ်ရပါလိမ့်မည်။ သို့သော် ဘုရားသခင်သည် ဖာရော အိမ်ထောင်စုအပေါ် ရောဂါဘယများ ကျရောက်စေခြင်းဖြင့် အဲဂုတ္တု၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အနှောင်အဖွဲ့ထဲမှ အာဗြဟံကို ကယ်နှုတ်ခဲ့သည်။ ဘုရားသခင်၏ ကြီးမြတ်သော ကယ်နှုတ်ခြင်းကျေးဇူးကြောင့် အာဗြဟံသည် ဥစ္စာအမြောက်အများနှင့် အဲဂုတ္တုမှ ထွက်ခဲ့ပြီး နောက်နောင် ဘယ်တော့မျှ ပြန်မရောက်ခဲ့တော့ပေ။ အဲဂုတ္တုသည် သူ့ဌာနေ မဟုတ်ကြောင်း အာဗြဟံ ပြတ်ပြတ်သားသား သင်ယူခဲ့ရသည်။

သူတို့၏ လက်တွေ့ဘဝ အတွေ့အကြုံများကလည်း အာဗြဟံ ဇာတ်ကြောင်းလာ ရှုထောင့်များစွာကို ထင်ဟပ်နေခဲ့ကြောင်း မောရှေ၏ မူလ ပရိသတ်တို့ မြင်နိုင်ခဲ့ပါလိမ့်မည်။ ငတ်မွတ်ခေါင်းပါးသဖြင့် အဲဂုတ္တုသို့ သူတို့ ဆင်းသွားခဲ့ကြသည်။ အဲဂုတ္တုလူတို့အပေါ် ရောဂါများကို ဘုရားသခင် ကျရောက်စေသောအားဖြင့် သူတို့ ကယ်နှုတ်ခြင်း ခံခဲ့ရသည်။ အဲဂုတ္တုလူတို့ထံမှ ဥစ္စာအများအပြားရယူပြီး သူတို့ အဲဂုတ္တုမှ ထွက်ခဲ့ကြပြီး ဖြစ်သည်။ အကြောင်းမလှစွာပင် ခရီးစဉ်အတွင်း အခက်အခဲ အမျိုးမျိုးကို ဣသရေလတို့ ကြုံလာသည့်အခါ အများစုသည် အဲဂုတ္တုလူနေမှုဘဝကို စံထားပြီး နောက်ကြောင်းပြန်လှည့်လိုလာခဲ့ကြသည်။ ဤအခန်းငယ်ကလည်း အဲဂုတ္တုသည် သူတို့၏ ဌာနေမဟုတ်ကြောင်း မူလပရိသတ်သို့ ရှင်းပြပေးခဲ့ပါလိမ့်မည်။ သူတို့အား ဘုရားသခင် အဘယ်သို့ ကျေးဇူးပြုပြီး ကယ်နှုတ်ခဲ့သည်ကို သူတို့အမှတ်ရ၍ အဲဂုတ္တုပြည်နှင့် အဲဂုတ္တုလူတို့ကို နောက်ချန်ထားရစ်ခဲ့ရမည်သာ ဖြစ်သည်။

အစောပိုင်းကာလ အခြားလူတို့နှင့် အာဗြဟံ ထိတွေ့ဆက်ဆံမှုများအကြောင်း ဒုတိယ ကဏ္ဍငယ်သည် ၁၃း၁-၁၈ ပါ လောတနှင့် ပဋိပက္ခ ဖြစ်ခန်းပင် ဖြစ်သည်။ ဤအရာသည် အာဗြဟံ၏ ငယ်သားတို့နှင့် လောတ၏ ငယ်သားတို့အကြား သိုးဆိတ်တို့အတွက် အုပ်စုနှစ်ခု စားကျက်လုရာ၌ အငြင်းပွားကြသည့် အကြောင်း ထင်ရှားသည့် ဇာတ်လမ်း ဖြစ်သည်။ ဤပဋိပက္ခတွင် အာဗြဟံသည် လောတကို ကရုဏာထားပြီး ဆက်ဆံခဲ့သည်။ လောတ နှစ်သက်ရာ နယ်မြေကို အေးအေးချမ်းချမ်း ရွေးချယ်နေထိုင်ခွင့် ပြုပေးခဲ့သည်။ ကမ္ဘာဦးကျမ်း၏ မူလ စာဖတ်သူတို့အနေဖြင့် ဤဇာတ်လမ်းက သူတို့အဖို့ မည်သည့် အဓိပ္ပာယ်ဆောင်ခဲ့သည်ကို နားလည်ရန် လွယ်ကူခဲ့ပါသည်။ တရားဟောရာ အခန်းကြီး ၂ အရ ကတိတော်နယ်မြေဆီ သူတို့ ခရီးဆက်သည့်အခါ လောတ၏ သားမြေးတို့အား ကရုဏာထားဆက်ဆံပြီး သူတို့၏ ဘိုးဘေးမြေ၌ အေးအေးချမ်းချမ်း နေခွင့်ပေးဖို့ ဣသရေလတို့ကို မောရှေ ပညတ်ခဲ့သည်။ အမှန်အားဖြင့် လောတအပေါ် အာဗြဟံ၏ ကရုဏာထား ဆက်ဆံမှုက သူတို့ကာလ မောဘလူတို့အား ဣသရေလတို့ မည်သို့ ဆက်ဆံသင့်ကြောင်း ညွှန်ပြခဲ့သည်။

အခြားလူများနှင့် အာဗြဟံတို့ အစောပိုင်းကာလ ထိတွေ့ ဆက်ဆံမှုများ၏ တတိယမြောက် အခန်းငယ်သည် ၁၄း၁-၂၄ ပါ လောတကို အာဗြဟံ ကယ်ဆယ်ခန်း ဖြစ်သည်။ ရပ်ဝေးမှ လာသော အင်အားကြီး အာဏာရှင် ဘုရင်များကို အာဗြဟံ မည်သို့ အောင်မြင်ခဲ့ကြောင်း၊ အဆိုပါ အာဏာရှင် ဘုရင်တို့၏ လက်မှ လောတကို ကယ်နှုတ်ခြင်းဖြင့် လောတသို့ မည်သို့ ကရုဏာထပ်ပြခဲ့ကြောင်းတို့အား ဤ ခက်ခဲရှုပ်ထွေးသည့် ဇာတ်ကြောင်းက သရုပ်ဖော်ထားသည်။ ဤဇာတ်ကြောင်းသည် မောရှေနောက်သို့ လိုက်နေသည့် ဣသရေလများသို့ ဦးတည်ပြောနေကြောင်း အတော်ပင် သိသာနေခဲ့သည်။ လောတ၏ သားမြေးဖြစ်သော မောဘလူတို့နှင့် အမ္မုန်လူတို့၏ နယ်မြေများကို ဣသရေလတို့ ဖြတ်လျှောက်ခဲ့သည့်အခါ ဣသရေလတပ်သည် မောဘနှင့် အမ္မုန်တို့ကို ညှင်းဆဲခဲ့သော အာမောရိဘုရင် ရှိဟုန်၊ ဗာရှန်ဘုရင် ဩဃ နှစ်ဦးလုံးကို အနိုင်ယူခဲ့သည်။ မောဘလူတို့နှင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အမွေခံလူတို့ကို ဤနည်းနှင့် ကယ်ဆယ်သောအားဖြင့် ဣသရေလတို့သည် သူတို့အတွက် အာဗြဟံ ချမှတ်ပေးခဲ့သည့် နမူနာပုံစံကို လိုက်ခဲ့သည်။

သို့ဖြစ်၍ အာဗြဟံ ဘဝဇာတ်ကြောင်း၏ ဤအဆင့်ပါ အခန်းငယ်တိုင်းတွင် အာဗြဟံအား မိမိတို့ကာလအတွင်း ဣသရေလတို့ လိုက်နာရမည့် နမူနာပုံစံ အဖြစ် တင်ဆက်ထားခဲ့သည်။

## ဘုရားသခင်နှင့် ပဋိညာဉ်ဖွဲ့ခြင်း

ယခုတွင် အာဗြဟံ ဘဝဇာတ်ကြောင်း တတိယမြောက် အဓိက အဆင့်သို့ ကျွန်ုပ်တို့ ရောက်လာပြီ ဖြစ်သည်။ ၎င်းသည် ၁၅း၁-၁၇း၂၇ ပါ အာဗြဟံနှင့် ဘုရားသခင် ပဋိညာဉ် ဖွဲ့တော်မူခန်း ဖြစ်သည်။ ယေဘူယျ ဆိုရလျှင် ဤအဆင့်သည် ဘုရားသခင်နှင့် ဣသရေလတို့အကြားရှိ ပဋိညာဉ်ဆိုင်ရာ ဆက်နွယ်မှု၏ သဘောသဘာဝကို ဖွင့်ပြရာရောက်သော ပုံစံများဖြင့် လူမျိုးစု ခေါင်းဆောင်နှင့် ဘုရားသခင်ဖွဲ့သည့် ပဋိညာဉ်အပေါ် စူးစိုက်ထားသည်။ အဆိုပါ အခန်းကြီးများအား အဓိကကျသော အပိုင်းကလေး သုံးခု အဖြစ် ခွဲခြားထားသည်။

ပထမဆုံး အခန်းငယ်သည် ၁၅း၁-၂၁ တွင် ပါသည့်အတိုင်း အာဗြဟံသို့ ဘုရားသခင် ပြုတော်မူသော ပဋိညာဉ်ကတိတော်များ အပေါ် အထူးသဖြင့် စူးစိုက်ထားသည်။ ဤအခန်းကြီးသည် အာဗြဟံနှင့် ပဋိညာဉ် ဆက်နွယ်မှုထဲသို့ ဘုရားသခင်ဝင်ရောက်ခဲ့ချိန်နှင့် စပ်လျဉ်းပြီး ထင်ရှားသည့် အဖြစ်အပျက် ဖြစ်သည်။ အာဗြဟံသို့ သားနှင့် အမိမြေပေးမည့်အကြောင်း ဘုရားသခင် ကတိထားတော်မူခဲ့သည်။ အတိအကျဆိုရလျှင် အာဗြဟံ သားမြေးများစွာ ရမည့်အကြောင်း၊ သူတပါးပိုင်သော ပြည်တွင် ကာလ အပိုင်းအခြားတစ်ခုခန့် ဆင်းရဲခံပြီးသည့်နောက် အာဗြဟံ၏ သားမြေးတို့အား ကတိတော်နယ်မြေသို့ ပြန်လည် ဆောင်ယူမည့်အကြောင်းတို့ ဖြစ်ကြသည်။ ဘုရားသခင်သည် မောရှေအားဖြင့် ဣသရေလတို့နှင့် အလားတူ ပဋိညာဉ်ဖွဲ့ထားပြီး ဖြစ်ကြောင်း ဣသရေလတို့ အမှတ်ရစေရန် ဤကျမ်းချက်ကို ဒီဇိုင်းချထားသည်။ ထို့ထက်ပို၍ ဆိုရလျှင် သူတို့ကိုယ်တိုင်သည် အာဗြဟံသို့ ဘုရားသခင်ထားတော်မူသော ကတိတော်များ၏ ပြည့်စုံလာမှုကို ခံစားနေပြီ ဖြစ်ကြောင်း ဤကျမ်းချက်က ပြနေသည်။ ဣသရေလတို့သည် အာဗြဟံသို့ ကတိပြုထားသည့် သားဖြစ်သည်။ သူတို့သည် သူတို့၏ လူမျိုးစုခေါင်းဆောင်သို့ ဘုရားသခင် ကတိထားခဲ့သည့် ဌာနေသို့ ပြန်လာနေခြင်း ဖြစ်သည်။ အဆိုပါ အချက်များကို သံသယရှိခြင်းသည် အာဗြဟံသို့ ဘုရားသခင်ထားတော်မူခဲ့ပြီး မောရှေအားဖြင့် ပြန်ခိုင်မာစေခဲ့သည့် ပဋိညာဉ်ဆိုင်ရာ ကျေးဇူး ကတိတော်များကို သံသယရှိခြင်းပင် ဖြစ်တော့သည်။

အာဗြဟံနှင့် ဖွဲ့သော ဘုရားသခင့် ပဋိညာဉ် အပေါ် စူးစိုက်သည့် ဒုတိယမြောက် အခန်းငယ်သည် ၁၆း၁-၁၆ ပါ လူမျိုးစု ခေါင်းဆောင်၏ ဟာဂရနှင့် ကျရှုံးခန်း ဖြစ်သည်။ ဤစိတ်မကောင်းစရာ အဖြစ်အပျက်က အဲဂုတ္တုကျွန်မ ဟာဂရနှင့် သားရရန် ရှာကြံခြင်းဖြင့် ဘုရားသခင် ပေးသည့် ပဋိညာဉ်ကတိတော်များမှ အာဗြဟံနှင့် ဆာရာတို့ နောက်ပြန်လှည့်သွားခန်းကို ပြန်အမှတ်ရစေသည်။ ဘုရားသခင်ပေးသော ပဋိညာဉ်ကတိတော်များ အပေါ် စိတ်ချကိုးစားရန် အာဗြဟံနှင့် ဆာရာတို့ ပျက်ကွက်ခဲ့ကြသည်။ သို့သော် ဘုရားသခင်သည် ဣရှမေလအား အမျိုးအနွယ်စစ် အဖြစ် လက်ခံမှု မပြုခြင်းအားဖြင့် သူတို့ ထပ်ရွေးချယ်စရာ အစီအစဉ်ကို ငြင်းပယ်ခဲ့သည်။ မောရှေ၏ မူလ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပရိသတ်တို့သည် ဘုရားသခင့် ပဋိညာဉ်ကတိတော်များမှ အကြိမ်ကြိမ် နောက်ပြန်လှည့်ခဲ့ကြပြီး အဲဂုတ္တုကပေးသော သက်သာမှုကို တောင့်တခဲ့ကြသည်။ အာဖြဟံ ဘဝဇာတ်ကြောင်းမှ ဤဇာတ်လမ်းသည်လည်း အာဖြဟံ၏ အကြံအစည် ငြင်းပယ်ခံရသည့်နည်းတူ ဘုရားသခင့် အစီအစဉ်မှ လွဲ၍ သူတို့၏ နောက်ထပ် ရွေးချယ်စရာတို့သည်လည်း ငြင်းပယ်ခံရမည့်အကြောင်း သူတို့အား သွန်သင်ခဲ့သည်။

အာဖြဟံနှင့် ဘုရားသခင် ပြုတော်မူသော ပဋိညာဉ်အပေါ် စူးစိုက်သော တတိယမြောက် အခန်းငယ်သည် ၁၇း၁-၂၇ ပါ ပဋိညာဉ်ဆိုင်ရာ အာဖြဟံဘက်မှ ဖြည့်ဆည်းရမည့် အချက်များကို ဖော်ပြခန်း ဖြစ်သည်။ ဤကျမ်းချက်ထဲတွင် ဘုရားသခင့် အကြံအစည်တော်ကို လိုက်နာရန် ပျက်ကွက်ခဲ့သော လူမျိုးစုခေါင်းဆောင်အား ဘုရားသခင် ထိပ်တိုက်တွေ့ခဲ့သည်။ အာဖြဟံနှင့် သူ့သားများ လက်တွေ့ကျင့်သုံးရန် အရေဖျားလှီးခြင်းအား ပဋိညာဉ် လက္ခဏာအဖြစ် ပြဋ္ဌာန်းပေးလိုက်ခြင်းဖြင့် ပဋိညာဉ်ကို စောင့်သိရိုသေရန် လိုအပ်ချက်အား ဘုရားသခင် ပြန်လည်တောင်းဆိုခဲ့သည်။ ဤလက္ခဏာအားဖြင့် သူ၏ ပဋိညာဉ်ဆက်နွယ်မှု၌ သစ္စာစောင့်သိရိုသေမှု ပါရှိကြောင်း နှင့် ထိုသစ္စာစောင့်မှုသည် ကြီးကျယ်သော ကောင်းချီးများဆီ ပို့ဆောင်လိမ့်မည် ဖြစ်ကြောင်း အာဖြဟံကို ဘုရားသခင် သတိပေးခဲ့သည်။ မောရှေသည် သူ့ကာလ ဣသရေလတို့ သစ္စာ၌ တည်ကြည်ရန် ပျက်ကွက်မှုများကြောင့် သူတို့အား ထိပ်တိုက်ရင်ဆိုင်ရန်နှင့် ပဋိညာဉ်ဆိုင်ရာ သစ္စာကို စောင့်ထိန်းရန် လိုအပ်ချက်ကို သူတို့ထံမှ ပြန်လည်တောင်းဆိုရန်တို့အတွက် အာဖြဟံနှင့် ပြုသော ပဋိညာဉ်၏ ဤဖက်အပိုင်းကို အသေးစိတ် ပြန်ပြောပြခဲ့ခြင်း ဖြစ်သည်။ ဣသရေလတို့သည် သူတို့၏ ပဋိညာဉ်ဘုရားအပေါ် သစ္စာစောင့်သိရိုသေမှသာလျှင် ကြီးကျယ်သော ကောင်းချီးများအား ကိုယ်တော်ထံမှ သူတို့ အမှန်အကန် မျှော်လင့်နိုင်ကြမည် ဖြစ်သည်။

သို့ဖြစ်၍ အာဖြဟံ ဘဝဇာတ်ကြောင်း၏ ဗဟိုချက်မ ဖြစ်သည့် သူနှင့် ဘုရားသခင် ဖွဲ့သည့် ပဋိညာဉ်သည် ဣသရေလသို့ ပေးတော်မူသော ဘုရားသခင့် ကျေးဇူးတော်နှင့် ယှဉ်သည့် အံ့သြဖွယ် ကတိတော်များအပေါ် အာရုံစိုက်ထားသည်။ သို့ရာတွင် သူတို့နှင့် ပဋိညာဉ်ဖွဲ့သော ဘုရားကို သစ္စာရှိစွာ အလုပ်အကျွေးပြုရန် လိုအပ်ကြောင်းကိုလည်း သူ့ပရိသတ်အား ၎င်းက အခိုင်အမာ သတိပေးခဲ့သည်။

## အခြားသူတို့နှင့် နှောင်းပိုင်းကာလ ထိတွေ့ဆက်ဆံမှုများ

ယခု ၁၈း၁-၂၁း၃၄ ပါ နှောင်းပိုင်းကာလ အခြားသူတို့နှင့် ထိတွေ့ဆက်ဆံမှုများ ဟူသော စတုတ္ထ အဆင့်သို့ ကျွန်ုပ်တို့ ရောက်ရှိလာပြီ ဖြစ်သည်။ အဆိုပါ အခန်းကြီးများ အတွင်း၌ မောရှေကာလမှာ သက်ရှင်နေထိုင်ခဲ့သည့်လူတို့နှင့် ဆက်နွယ်သည့် လူအမျိုးမျိုးကို အာဖြဟံ တွေ့ကြုံခဲ့သည်။ ခါနနိဒေသခံများ ဖြစ်ကြသည့် သောဒုံ ဂေါမောရလူများ၊ လောတ၊ အဘိမလက်နှင့် ဣရှမေလတို့ဖြင့် အာဖြဟံ ထိတွေ့ဆက်ဆံမှုများ ရှိခဲ့သည်။ ယေဘူယျ ဆိုရလျှင် အဆိုပါ လူများနှင့် အာဖြဟံ ထိတွေ့ဆက်ဆံခဲ့မှုများက ဣသရေလတို့အား သူတို့ကာလ ခါနနိလူ၊ မောဘလူ၊ အမ္မုန်လူ၊ ဖိလိတ္တိလူ၊ ဣရှမေလလူတို့နှင့် မည်သို့ ထိတွေ့ဆက်ဆံရမည်ကို သွန်သင်ခဲ့သည်။

လူမျိုးစု ခေါင်းဆောင် ဘဝဇာတ်ကြောင်း၏ ဤအပိုင်းကဏ္ဍ ပထမ ဇာတ်လမ်းသည် ၁၈း၁-၁၉း၃၈ ပါ သောဒုံနှင့် ဂေါမောရ အကြောင်း ဖြစ်သည်။ ဤထင်ရှားသော ဇာတ်ကြောင်းက ဆိုးညစ်သော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဝ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခါနနိမြို့များအပေါ် ဘုရားသခင် ခြိမ်းတော်မူသော စီရင်ချက်အကြောင်းကို ပြောပြသည်။ ၎င်းသည် ထိုမြို့များရှိ ဖြောင့်မတ်သူတို့အပေါ် အာဗြဟံ အလေးထားမှု အကြောင်းနှင့်တကွ အဆိုပါ မြို့များ ဖျက်ဆီးခံရခြင်းနှင့် လောတကို ကယ်ဆယ်ခြင်း အကြောင်းတို့ကို ပြောပြသည်။ အဆိုပါ အဖြစ်အပျက်တို့က မောရှေ၏ မူလ ပရိသတ်တို့ ကြုံနေရသည့် အခြေအနေကို တိုက်ရိုက် ဖော်ပြခဲ့သည်။ သူတို့ကာလ သက်ရှင်နေထိုင်သူများ ဘာဖြစ်နေခဲ့သည်၊ ခါနနိလူတို့ကို ဘုရားသခင် ခြိမ်းခြောက်ရခြင်းအကြောင်း၊ ယေရိခေါတွင် သူတို့တွေ့ကြုံရမည့် ရာခပ်ကဲ့သို့သော ခါနနိ ဖြောင့်မတ်သူတို့အပေါ် သူတို့ ထားအပ်သည့် အလေးဂရုပြုချက်၊ ခါနနိမြို့များအပေါ် သေချာပေါက် ကျရောက်လာမည့် ဖျက်ဆီးခြင်းဘေးနှင့် လောတ သားမြေးဖြစ်သော မောဘလူ၊ အမ္မုန် လူတို့ အကြောင်း စသည်တို့ကို သူတို့နားလည်ရန် ၎င်းတို့က ထောက်ကူခဲ့သည်။

အခြားသူတို့နှင့် နှောင်းပိုင်းကာလ အာဗြဟံ ထိတွေ့ဆက်ဆံခဲ့မှုများ အကြောင်း ဒုတိယ အပိုင်းကို ၂၀း၁-၁၈ တွင် တွေ့ရသည်။ ဤဇာတ်လမ်းတွင် ဖိလိတ္တိလူ အဘိမလက် ဆိုသည့် ဒေသခံ တစ်ဦးအတွက် ဆုတောင်းခြင်းအမှုကို အာဗြဟံ ထပ်မံပြုလုပ်ခဲ့ပြန်သည်။ ဆာရာအား အာဗြဟံ၏ ဇနီးဖြစ်မှန်း မသိသောကြောင့် သူမကို သူ့ထံမှ သိမ်းယူခြင်းဖြင့် အာဗြဟံ၏ အနာဂတ်ကို အဘိမလက် ခြိမ်းခြောက်ခဲ့သည်ကို သင်ပြန် အမှတ်ရပါလိမ့်မည်။ ထို့နောက် အဘိမလက်အပေါ် ဘုရားသခင် ဒဏ်စီရင်ခဲ့ပြီး အဘိမလက်သည်လည်း သူ့အပြုအမူများအပေါ် နောင်တရခြင်းဖြင့် ဖြောင့်မတ်သူ ဖြစ်ကြောင်း သက်သေပြခဲ့သည်။ ဤနောင်တ၏ ရလာဒ် အနေဖြင့် အဘိမလက်အတွက် အာဗြဟံက ကိုယ်စားပြု ဆုတောင်းပေးခဲ့ပြီး အာဗြဟံနှင့် အဘိမလက်တို့သည်လည်း တစ်ဦးနှင့်တဦး ငြိမ်ဝပ်ခြင်းနှင့် မိတ်ဖြစ်ခြင်းတို့၌ ကာလရှည်ကြာ ပျော်မွေ့နိုင်ခဲ့ကြသည်။

ဤဇာတ်လမ်းက သူတို့ခေတ် ဖိလိတ္တိများအပေါ် သူတို့ မည်သို့ သဘောထား ဆက်ဆံသင့်ကြောင်း မောရှေကာလ ဣသရေလများသို့ အသိပေးခဲ့သည်။ ဖိလိတ္တိလူတို့သည် ပုံစံမျိုးစုံဖြင့် ဣသရေလတို့ကို ခြိမ်းခြောက်ခဲ့ကြသည်။ သို့သော် ဘုရားသခင့် စီရင်ချက်၏ ခြိမ်းခြောက်မှုအောက်၌ ဖိလိတ္တိလူတို့ နောင်တရကြသည့်အခါ ဣသရေလတို့သည်လည်း သူတို့အတွက် ကိုယ်စားပြု ဆုတောင်းပေးခြင်းဖြင့် သူတို့နှင့် တည်တံ့သော ငြိမ်းချမ်းရေးကို ခံစားရန် ရှိခဲ့သည်။

ဤကဏ္ဍ၏ တတိယ ဇာတ်ကြောင်းကို ၂၁း၁-၂၁ တွင် တွေ့ရပြီး ၎င်းသည် ဣဇာက်နှင့် ဣရှမေလတို့အကြား ဆက်နွယ်မှု အခက်အခဲ အပေါ် စူးစိုက်ထားသည်။ ဣရှမေလနှင့် ဣဇာက် နှစ်ဦးလုံးသည် အာဗြဟံ၏ သားများ ဖြစ်ကြသည်။ သို့သော် သူတို့နှစ်ဦးကြား တင်းမာလာကြသည့်အခါ မိသားစုထဲမှ ဣရှမေလကို သီးခြားဖယ်ထားရန် အာဗြဟံကို ဘုရားသခင် မိန့်တော်မူခဲ့သည်။ ဣရှမေလကို ဘုရားသခင် ကောင်းချီးပေးနေဆဲ ဖြစ်သော်လည်း အာဗြဟံ၏ တစ်ဦးတည်းသော အမွေခံအစစ်မှာ ဣဇာက်သာလျှင် ဖြစ်ကြောင်း ဘုရားသခင်က ရှင်းရှင်းပြထားခဲ့သည်။ အဆိုပါ အဖြစ်အပျက်တို့ကို သူ၏ မူလ ပရိသတ်တို့အား မောရှေ အသိပေးခဲ့ခြင်းဖြင့် သူတို့ကာလ ဣရှမေလ အမျိုးအနွယ်နှင့် သူတို့ကြား ရှိနေသည့် ဆက်နွယ်မှု သဘောသဘာဝအပေါ် သူတို့ နားလည်လွယ်စရာ ဖြစ်ခဲ့သည်။ ဣသရေလနှင့် ဣရှမေလအမျိုးအနွယ်တို့အကြား တင်းမာမှုများ ဖြစ်လာသည့်အခါ ဘုရားသခင်သည် သူတို့အကြား သီးခြားဖြစ်အောင် ရှေးကတည်းက ခန့်ခွဲထားခဲ့ပြီးကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဣသရေလတို့ အမှတ်ရနေရမည် ဖြစ်သည်။ ပုံစံ အမျိုးမျိုးဖြင့် ဣရှမေလ အမျိုးကို ဘုရားသခင် ကောင်းချီးပေးခဲ့သော်လည်း ဣသရေလတို့သာလျှင် အာဗြဟံ၏ အမွေခံ အစစ်အမှန်များ ဖြစ်ကြသည်။

အခြားသူများနှင့် နှောင်းပိုင်းကာလ အာဗြဟံ ထိတွေ့ဆက်ဆံမှုများ အကြောင်းဖော်ပြရာ စတုတ္ထမြောက် အခန်းငယ်မှာ ၂၁း၂၂-၃၄ ပါ အဘိမလက်နှင့် အာဗြဟံ သဘောတူစာချုပ် ချုပ်ခန်း ဖြစ်သည်။ ဤဇာတ်ကြောင်းက အာဗြဟံအပေါ် ဘုရားသခင့် မျက်နှာသာပေးမှုကို အဘိမလက်က မည်သို့ သိမှတ်ဝန်ခံသည့်အကြောင်း၊ အဘိမလက်နှင့်တကွ သူ့သားမြေးတို့နှင့် ငြိမ်းငြိမ်းချမ်းချမ်း နေသွားရန် အာဗြဟံ မည်သို့ သဘောတူညီခဲ့သည့် အကြောင်းများကို အစီရင်ခံထားသည်။ ၎င်းသည် အာဗြဟံ၏ သိုးနွားစုတို့အတွက် ရေရပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများ မည်သို့ ပေါ်ပေါက်လာခဲ့သည်၊ ဗေရရှေဘာ အရပ်၌ အာဗြဟံနှင့် အဘိမလက်တို့ နှစ်ဦး အချင်းချင်း အပြန်အလှန် လေးစားမှု၊ ဂုဏ်တင်မှုတို့ဖြင့် တရားဝင် စာချုပ် မည်သို့ ချုပ်ဆိုခဲ့ကြသည် ဆိုသည့်အကြောင်းများကို ဆက်ပြောသွားသည်။

အဘိမလက်နှင့် သူ့ဗိုလ်ချုပ်မင်း အကြောင်း အဖြစ်အပျက်တို့က မောရှေနှင့် သူ့နောက်လိုက် ဣသရေလတို့အား သူတို့ကာလ၌ ဖိလိတ္တိလူတို့၏ ခြိမ်းခြောက်နိုင်စွမ်း ဆက်ရှိနေကြောင်း သတိပေးခဲ့သည်။ ဤနေရာတွင် ဣသရေလတို့အပေါ် ဘုရားသခင်ချပေးသော ကောင်းချီးများကို ဖိလိတ္တိလူတို့ သိမှတ်ဝန်ခံခဲ့မည် ဆိုပါက ဣသရေလသည်လည်း အာဗြဟံ ဥပမာအတိုင်းလိုက်ပြီး သူတို့နှင့် အသင့်အတင့်နေထိုင်ရန် သင့်ကြောင်း မောရှေက သူ့နောက်လိုက်တို့ကို သွန်သင်ထားသည်။ ဗေရရှေဘာ ဟု ခေါ်တွင်သော ရေတွင်းသည် ထိုနေရာတွင် ပြုခဲ့သော စာချုပ်အကြောင်း၊ ဖိလိတ္တိလူနှင့် ဣသရေလလူတို့ အသင့်အတင့်နေထိုင်မှု၊ အပြန်အလှန် လေးစားမှုနောက် မည်သို့လိုက်ခဲ့ကြကြောင်း သူတို့အား ပြန်ပြောင်းသတိပေးရင်း မောရှေကာလ၌ ဆက်၍ ရှိနေဆဲ ဖြစ်သည်။

သို့ဖြစ်၍ အာဗြဟံ၏ နှောင်းပိုင်းကာလ ထိတွေ့ဆက်ဆံမှုအကြောင်း ဇာတ်လမ်းတို့တွင် မောရှေနှင့် ဣသရေလတို့ ကြုံဆုံခဲ့ကြသော လူများနှင့် စရိုက်လက္ခဏာ တူညီခဲ့သည့် လူပုဂ္ဂိုလ်များစွာ ပါဝင်နေခဲ့သည်။ အာဗြဟံ၏ အပြုအမူများကို လေ့လာခြင်းဖြင့် ဣသရေလတို့သည်လည်း သူတို့ကာလအတွက် သင်ခန်းစာများစွာ သင်ယူနိုင်ခဲ့မည် ဖြစ်သည်။

## သားအကြောင်း နှင့် အနိစ္စရောက်ခြင်း

ယခု ကမ္ဘာ ၂၂း၁-၂၅း၁၈ ပါ အာဗြဟံ ဘဝဇာတ်ကြောင်း မှတ်တမ်း၏ နောက်ဆုံး အဆင့်ဖြစ်သော သူ၏ သားအကြောင်းနှင့် သူ အနိစ္စရောက်ခြင်း အကြောင်းများဆီ ကျွန်ုပ်တို့ ရောက်လာပြီ ဖြစ်သည်။ အဆိုပါ အခန်းငယ်တို့သည် ဘုရားသခင်နှင့် သူ၏ ပဋိညာဉ် ဆက်နွယ်မှုကို အနာဂတ် မျိုးဆက်များတိုင်အောင် တိုးချဲ့ ဆန့်ထုတ်ပေးခဲ့သော အာဗြဟံ၏ အမွေအနှစ်အပေါ် စူးစိုက်ထားသည်။ ယေဘူယျ ဆိုရလျှင် အဆိုပါ ဇာတ်ကြောင်းတို့ကို မောရှေလက်မှ မူလ လက်ခံရရှိသော ဣသရေလတို့သည် အာဗြဟံ၏ အမွေခံ အဖြစ် သူတို့၏ ကိုယ်ပိုင် ဂုဏ်ရည်အကြောင်းကိုငင်း၊ သူတို့မှ ဆင်းသက်သည့် သားမြေးအတွက် သူတို့ထားအပ်သည့် မျှော်လင့်ချက်များ အကြောင်းကိုငင်း လေ့လာသင်ယူခဲ့ပြီး ဖြစ်သင့်ကြပေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အာဗြဟံ ဘဝဇာတ်ကြောင်း ဤအပိုင်းကဏ္ဍ၏ ပထမဆုံး အခန်းငယ်သည် ၂၂း၁-၂၄ ပါ အာဗြဟံကို စုံစမ်းခြင်း ဟူသော ထင်ရှားသည့် ဇာတ်ကြောင်း ဖြစ်သည်။ အာဗြဟံ မိမိသားကို ချစ်သည်ထက် ဘုရားသခင်ကို ပိုချစ်သလော ဆိုသည်ကို ဆုံးဖြတ်ရန် ဤစုံစမ်းခြင်းအား ဒီဇိုင်းချထားသည်။ သူ၏ သားကို ယဇ်ပူဇော်ရန် အာဗြဟံအား တောင်းဆိုပြီး ခက်ခဲသော စုံစမ်းခြင်းကို ဘုရားသခင် အစပြုခဲ့သည်။ အာဗြဟံ နာခံလုပ်ဆောင်ခဲ့သဖြင့် သူ၏ နာခံမှု အကျိုးသည် ဣဇာက်အတွက် တောက်ပသော အနာဂတ် ဖြစ်မည့် အကြောင်း ဘုရားသခင်က အာဗြဟံကို အာမခံချက်ပေးခဲ့သည်။

မောရှေနောက်သို့ လိုက်ပါလာသော ဣသရေလတို့အတွက် ဤဇာတ်လမ်းကပေးသော သွယ်ဝိုက်ဆက်စပ်မှု အမြောက်အများ ရှိနိုင်သော်လည်း ဤကျမ်းပိုဒ်၏ အထူးခြား အပေါ်လွင်ဆုံး သွင်ပြင်လက္ခဏာမှာ ဘုရားသခင်သည် သူ့အပေါ် ဣသရေလတို့ ထားရှိသော သစ္စာစောင့်သိမှု၏ အတိမ်အနက်ကို သိရှိရန် သူတို့အား စုံစမ်းနေခဲ့သည် ဆိုသည့် အချက်ကို သူတို့အား သတိပေးခြင်း ဖြစ်သည်။ မောရှေ၏ ကာလတွင် ဘုရားသခင်သည် ဣသရေလလူမျိုးအပေါ် စုံစမ်းမှု အမျိုးမျိုး စတင်လုပ်ဆောင်ခဲ့သည်။ သူ့ကို စုံစမ်းမှုအတွင်း အာဗြဟံ၏ နာခံခြင်းက မည်သည့် အခက်အခဲရှိသည် ဖြစ်စေ အဆိုပါ စုံစမ်းခြင်းများအတွင်း သူတို့လည်း နာခံရမည် ဆိုသည့် သူတို့ကိုယ်တိုင် ဖြည့်ဆည်းရမည့် လိုအပ်ချက်ကို သူတို့အား သတိပေးခဲ့သည်။ ထို့ပြင် အာဗြဟံ၏ သားမြေးအဖြစ် ဣဇာက်၏ ကြီးကျယ်သော အနာဂတ်အကြောင်း အခိုင်အမာပြောဆိုထားချက်သည် အဆိုပါ စုံစမ်းခြင်းများကို သူတို့ ဖြတ်သန်းနိုင်ခဲ့မည်ဆိုလျှင် သူတို့ကိုယ်တိုင် ကြီးကျယ်ခမ်းနားသော အနာဂတ်မျိုး ပိုင်ဆိုင်မည်ဖြစ်ကြောင်း သတိပေးချက်ပင် ဖြစ်သည်။

အာဗြဟံ ဘဝဇာတ်ကြောင်း နောက်ဆုံး အဆင့်၏ ဒုတိယမြောက် အခန်းငယ်မှာ ၂၃း၁-၂၀ ပါ လူမျိုးစုခေါင်းဆောင် သင်္ချိုင်းနေရာဝယ်ယူခြင်း ဇာတ်လမ်း ဖြစ်သည်။ သူ၏ မယား ဆာရာ အနိစ္စရောက်သည့်အချိန် ဟေဗြုန်တွင် မိသားစု သင်္ချိုင်းနေရာတစ်ခုအား အာဗြဟံ မည်သို့ ရယူခဲ့သည်ကို ဤဇာတ်လမ်းက သရုပ်ဖော်ထားသည်။ လူမျိုးစုခေါင်းဆောင်သည် ဤပိုင်ဆိုင်မှုအား အခမဲ့ လက်ဆောင်အဖြစ် လက်မခံဘဲ ထိုအစား အခပေး ဝယ်ယူခဲ့သည့် အကြောင်းကို ဇာတ်ကြောင်းက အလေးပေးထားသည်။ ဤပိုင်ဆိုင်ခြင်း အပြုအမူသည် ခါနန်မြေအား သူတို့၏ အမိမြေအဖြစ် ရှုမြင်စေမည့် မိသားစု၏ တရားဝင် အခွင့်အရေးကို ထူထောင်ပေးသည်။

မောရှေနောက်သို့ လိုက်နေသည့် ဣသရေလတို့သည် ဤဝယ်ယူထားပြီးသော သင်္ချိုင်းမြေ၏ အရေးပါပုံနှင့် သွယ်ဝိုက်ဆက်စပ်မှုများကို သူတို့၏ လက်တွေ့ ဘဝများနှင့် ယှဉ်၍ နားလည်သဘောပေါက်ခဲ့ကြသည်။ ၎င်းသည် သူတို့၏ ဘိုးဘေး သင်္ချိုင်းမြေပင် ဖြစ်ခဲ့သည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ် တို့အားလုံးကို ဤနေရာတွင် သင်္ဂြိုလ်ခဲ့ကြသည်။ နယ်မြေကို မသိမ်းပိုက်မီကပင် ၎င်းသည် သူတို့၏ တရားဝင် ပိုင်ဆိုင်မှု ဖြစ်ကြောင်း သူတို့ နားလည်ခဲ့ကြသည်။ အာဗြဟံ၊ ဣဇာက် နှင့် ယာကုပ်တို့သည် ဟေဗြုန်နှင့် အနီးတဝိုက်တွင် မိမိတို့၏ ဘဝအချိန်အများစုကို ကုန်လွန်ခဲ့ကြသည်။ ဣသရေလတို့သည် ဟေဗြုန်အား ဘိုးဘေးဌာနေစစ် အဖြစ် အလွန်ပင် စွဲမှတ်ဝန်ခံထားကြရကား လူမျိုးစုခေါင်းဆောင် ယာကုပ်၏ အရိုးများကို သင်္ဂြိုလ်ရန် ဟေဗြုန်တိုင်အောင် သူတို့ ပြန်သယ်ယူသွားခဲ့သည်။ အာဗြဟံ သင်္ချိုင်းနေရာဝယ်ယူခြင်း အကြောင်းနှင့် စပ်လျဉ်းသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤဇာတ်ကြောင်းက သူ၏ သားမြေးတို့အတွက် လျောက်ပတ်သောနယ်မြေသည် ခါနနိလူတို့၏ မြေမှလွဲ၍ အခြားမရှိကြောင်း ထင်ရှားပြနေခဲ့သည်။

အာဗြဟံ၏ သားမြေးနှင့် အနိစ္စရောက်ခြင်း အကြောင်းပါရှိသည့် တတိယမြောက် အခန်းငယ်သည် အာဗြဟံ၏ သီးသန့် အမွေခံသား ဣဇာက်၏ ဇနီးမယား ဖြစ်လာမည့်၊ အာဗြဟံ၏ ချွေးမ ရေဗက္ကာ အကြောင်း ပါဝင်သော ထိမိသည့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ ဤဇာတ်လမ်းတွင် ခါနနိလူတို့၏ ခြစားပျက်ဆီးမှုကို ဣဇာက်သေချာပေါက် ရှောင်ရှားနိုင်ရေးအတွက် ခါနနိ မိန်းမနှင့် ဣဇာက် အိမ်ထောင်မပြုရန် အာဗြဟံ အခိုင်အမာ တောင်းဆိုခဲ့သည်။ သို့သော် ဣဇာက်အဖို့ ဇနီးကို ယူဆောင်လာရန် သူ၏ အစေခံကိုသာ စေလွှတ်ခြင်းဖြင့် ကတိတော်နယ်မြေ ခါနန်အတွင်း ဣဇာက် သေချာပေါက် ဆက်ရှိနေအောင် အာဗြဟံ လုပ်ဆောင်ခဲ့သည်။ ဣဇာက်အတွက် ဇနီးကို ဤနည်းအတိုင်း ရှာခြင်းဖြင့် ဣဇာက်နှင့် သူ့သားမြေးတို့အတွက် ဘုရားသခင့်အထံတော်မှ ကောင်းချီးများနှင့် ပြည့်ဝသည့် ကြီးကျယ်သော အနာဂတ်ကို အာဗြဟံ အာမခံခဲ့သည်။

အာဗြဟံအား သူတို့ ဘိုးဘေးအဖြစ် ဆက်နွယ်ပေးသူ ဣဇာက်သည် သူ၏ အမွေမြေကို ထိမ်းသိမ်းလျက် ခါနန်ပြည်၌ နေထိုင်ခဲ့စဉ်မှာပင် ခါနနိတို့၏ ဆိုးညစ်မှု အညစ်အကြေးမှ လွတ်ကင်းပြီး သန့်ရှင်းစွာ ရှိနေခဲ့ကြောင်း မောရှေနောက်သို့ လိုက်နေသည့် ဣသရေလတို့ လေ့လာသင်ယူခဲ့ပြီး ဖြစ်သင့်ပေသည်။ ကတိတော်နယ်မြေထဲရှိ ခါနနိလူတို့၏ ဆိုးညစ်ခြစားမှုကို သူတို့ ဆန့်ကျင်ခုခံနေသရွေ့ ကောင်းချီးနှင့် ပြည့်စုံသော ဣဇာက်၏ တောက်ပသည့် အနာဂတ်သည် သူတို့အတွက်လည်း ဖြစ်လာပေလိမ့်မည်။

အာဗြဟံ ဘဝဇာတ်ကြောင်း၏ အပြီးသတ် အခန်းငယ်သည် ၂၅း၁-၁၈ တွင်ပါသည့် လူမျိုးစုခေါင်းဆောင် အနိစ္စရောက်ခြင်းနှင့် သားမြေးတို့၏ ဇာတ်လမ်းပင်ဖြစ်သည်။ အဖြစ်အပျက် မှတ်တမ်းတို အတော်များများ ပါဝင်သော ဤစုစည်းချက်သည် ဆာရာနှင့် မဟုတ်ဘဲ အခြားမယားတို့ဖြင့် အာဗြဟံ ရသောသားများကို စာရင်းပြုထားသည်။ ထို့နောက် ၎င်းသည် တရားဝင် အမွေခံသား ဣဇာက် က အာဗြဟံ၏ အဆုံးသတ်ကောင်းချီးများအား လက်ခံရရှိခဲ့သည့် ကာလ အတောအတွင်းမှာပင် လူမျိုးစုခေါင်းဆောင် အနိစ္စရောက်ခြင်းဆီသို့ လှည့်သွားသည်။ နောက်ဆုံးတွင် ဣရှမေလ၏ သားမြေးများအကြောင်း တိုတောင်းစွာ စာရင်းပြုထားသည့် ဆန့်ကျင် ခြားနားသော အပိုင်းဖြင့် ၎င်းကို အဆုံးသတ်ထားသည်။

အာဗြဟံ ဘဝဇာတ်ကြောင်း၏ ဤအဆုံးသတ်ပိုင်းက မူလ ပရိသတ်တို့အတွက် သွယ်ဝိုက်ဆက်စပ်မှု များစွာကို ပေးခဲ့သည်။ အာဗြဟံ၏ အခြားသောသားတို့အား ဣသရေလတို့ထံမှ ခွဲခြားနိုင်ရန် စာရင်းပြုထားခဲ့သည်။ မောရှေနောက်သို့ လိုက်နေကြသော ဣသရေလတို့သည် အာဗြဟံ၏ ကတိတော်နှင့် ဆိုင်သော အမွေခံများ ဖြစ်ကြောင်း စိတ်ချစေရန် ဣဇာက်အပေါ် ရောက်ရှိသည့် အာဗြဟံ၏ အဆုံးသတ် ကောင်းချီးကို ၎င်းက မီးမောင်း ထိုးပြထားခဲ့သည်။ ထို့ပြင် အာဗြဟံ၏ အမွေခံအဖြစ် ဣရှမေလ အမျိုးအနွယ်တို့၏ မည်သည့် တောင်းဆိုချက်ကို မဆို ပယ်ချနိုင်ရန်အတွက် ဣရှမေလ၏ သားမြေးများစာရင်းကိုလည်း ၎င်းက ဖော်ညွှန်းထားခဲ့သည်။ အာဗြဟံ ဘဝဇာတ်ကြောင်း ဖြစ်စဉ်ကို ဤနည်းနှင့် အဆုံးသတ်ခြင်းအားဖြင့် မောရှေသည် ကတိတော်နယ်မြေဆီသို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မိမိခေါ်ဆောင်လာသည့် ဣသရေလများ (ဝါ) အာဗြဟံ၏ သားမြေးစစ်များ၏ ကိုယ်ပိုင်လက္ခဏာ၊ ရပိုင်ခွင့်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို အပြီးအပြတ် ဆုံးဖြတ် ပေးလိုက်ခဲ့တော့သည်။

သို့ဖြစ်၍ မောရှေသည် မိမိ ဦးဆောင်ခဲ့သော ဣသရေလတို့အား အဘယ်ကြောင့် အဲဂုတ္တုကို နောက်ချန်ထားရစ်ခဲ့ရမည်၊ အဘယ်သို့ ထားရစ်ခဲ့ရမည် ဆိုသည်နှင့် အဘယ်ကြောင့် ကတိတော်နယ်မြေ သိမ်းပိုက်ရေးဆီသို့ ခရီးဆက်ရမည်၊ အဘယ်သို့ ဆက်ရမည် ဆိုသည်တို့ကို သွန်သင်ရန် အာဗြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက်တို့ကို ရေးခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ဤပန်းတိုင်ကို ပြီးမြောက်စေရန်အတွက် သူတို့သည် လူမျိုးစုခေါင်းဆောင်သို့ ပြခဲ့သော ကျေးဇူးတော်ကို ဆက်ခံမည့် အမွေခံများ မည်သို့ ဖြစ်ခဲ့ကြကြောင်း၊ လူမျိုးစု ခေါင်းဆောင် တာဝန်ခံမှု ရှိခဲ့သလို သူတို့သည်လည်း ဘုရားသခင်အပေါ် သစ္စာစောင့်သိ ရိုသေရန် မည်သို့ တာဝန်ရှိခဲ့ကြောင်း၊ အာဗြဟံ ခံစားခဲ့ရသလို သူတို့သည်လည်း ဘုရားသခင့် အထံတော်မှ မည်သို့ ကောင်းချီးများ ခံစားရန် ရှိခဲ့ကြောင်းနှင့် သူတို့သည်လည်း တနေ့သောအခါတွင် မြေကြီးပေါ်က လူမျိုးအပေါင်းတို့ အား မည်သို့ ကောင်းချီးပေးလိမ့်မည် ဆိုသည့် အကြောင်းများအား လူမျိုးစု ခေါင်းဆောင် ဘဝဇာတ်ကြောင်း၏ အခန်းတိုင်းတွင် ပုံစံအမျိုးမျိုးဖြင့် မောရှေ အလေးပေးထားခဲ့သည်။ မောရှေ၏ အာဗြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက် မှတ်တမ်းသည် မောရှေ၏ နောက်မှ ကတိတော်နယ်မြေဆီသို့ လိုက်ပါလာသော ဣသရေလတို့အတွက် အတိုင်းမသိသော သွယ်ဝိုက်ဆက်စပ်မှုများကို ပေးခဲ့ပေသည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် ကမ္ဘာဦးကျမ်းလာ အာဗြဟံ၏ ဘဝဇာတ်ကြောင်း အဖြစ်အပျက်၏ မူလ အဓိပ္ပာယ်ကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ ဤမူလ အဓိပ္ပာယ်ကို လေ့လာဖော်ထုတ်ရန် အဓိကကျသော ဦးတည်ချက် နှစ်ခုအောက်၌ ကျွန်ုပ်တို့ လေ့လာခဲ့ကြသည်။ တဖက်တွင် အာဗြဟံ ဘဝအကြောင်းများနှင့် မောရှေ ဦးတည်ရေးသားသော ဣသရေလတို့၏ ဘဝအတွေ့အကြုံများအကြား မောရှေ ထူထောင်ခဲ့သော ဆက်သွယ်မှုများကို ကျွန်ုပ်တို့ ဆန်းစစ်လေ့လာခဲ့ကြပြီး ဖြစ်သည်။ သို့သော် တဖက်တွင်လည်း မောရှေက သူ့မူလ ပရိသတ်တို့ အဲဂုတ္တုမှ ထွက်ခွာပြီး ခါနန်ပြည်ကို သိမ်းပိုက်ရန် ဦးတည် ချီတက်လာသည်နှင့် အမျှ သူတို့နှင့် သွယ်ဝိုက်ဆက်စပ်စေရန် ရည်ရွယ်၍ သူ့အရေးအသားများအား မည်သို့ ဒီဇိုင်းဆွဲခဲ့သည်ကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။

အာဗြဟံနှင့် သူ့မူလ ဣသရေလ ပရိသတ်တို့အကြား ဆက်သွယ်မှုများနှင့်တကွ သူ့ပရိသတ်အပေါ် သူ့အရေးအသားများမှတဆင့် သင့်ရောက်စေရန် သူမျှော်လင့်သည့် အကျိုးသက်ရောက်မှု အကြောင်း ကျွန်ုပ်တို့ ပိုမို လေ့လာသင်ယူသည်နှင့်အမျှ အာဗြဟံ ဘဝ ဇာတ်ကြောင်း အခန်းငယ် ရှိသမျှတို့သည် ဣသရေလတို့ကို ဦးဆောင်လမ်းညွှန်ရန် မည်သို့ ရည်ရွယ်ဦးတည်ခဲ့ကြောင်း ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိလာကြမည် ဖြစ်သည်။ သို့ဖြင့် ကျွန်ုပ်တို့သည်လည်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယနေ့ခေတ် ကျွန်ုပ်တို့အတွက် အဆိုပါ ဇာတ်လမ်းများ မည်သို့ အကျုံးဝင်စပ်ဆိုင်နေသည် ဆိုသည်ကိုပါ ခွဲခြားသိရှိနိုင်ကြလိမ့်မည် ဖြစ်ပါတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။